# နှင်တေပိုယူ

ဝေး[ဆီ]သစ္စိ

ပ + ဒု
နှစ်အုပ်တွဲ



# နန္ဒကျော်သူ

## သွေး၏သတ္တိ

( ဒုတိယပိုင်း ဇာတ်သိမ်း )

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

---

## ပြည်သူ့သဘောထား

— ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

— နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

— နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

— ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



လီဖုံး၏ အရက်ဆိုင်။

ချီချီနှင့် သုဝေတို့သည် လီဖုံး၏အရက်ဆိုင်သို့ ရောက်ရှိလာကြလေသည်။

ဆိုင်ထဲ၌ အရက်သောက်နေသူ သုံးလေးယောက်မျှရှိ၏။

လီဖုံးသည် ချီချီနှင့် သုဝေတို့ ရောက်လာကြသည်ကို တွေ့ရလျှင် ဝမ်းသာအားရကြိုဆိုလိုက်လေသည်။

'လာကြ....လာကြ၊ မင်းတို့အတွက် အကောင်းစားအရက်တစ်အိုး ငါတိုက်မယ်၊ မင်းတို့ကံကောင်းတယ်၊ ဒီနေ့မှ ငါက ယုန်ကြွပ်တိုက်ကို အမြည်းလုပ်ထားတာ'

ဟုပြောလေသည်။

သုဝေက....

'အရက်နဲ့ ယှန်ကြွပ်တိုက်ဟာ သိပ်ကောင်းတာပေါ့ဗျာ'

ပြောရင်း ပြတင်းပေါက်နှင့် ကပ်လျက်ရှိသော စားပွဲ တစ်လုံး၌ ထိုင်ချလိုက်လေသည်။

ချိုချိုက မထိုင်သေးဘဲ လီဖုံးကိုကြည့်ကာ....

'အစ်ကိုကြီးလီ၊ ကျွန်မက အေးအေးဆေးဆေး အရက် သောက်ချင်တယ်'

ဟု ပြောလိုက်သည်။

'ဪ'

လီဖုံးသည် သူမဆိုလိုသည်ကို နားလည်သဘောပေါက် ဟန်ဖြင့် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

ပြီးလျှင် အရက်သောက်နေကြသူများအား....

'ကဲ....မိတ်ဆွေတို့ ကျုပ်ကဆိုင်ပိတ်တော့မယ်၊ နောက်နေ့ မှပဲ လာသောက်ကြပါတော့ဗျာ'

ဟု ပြောလိုက်လေသည်။



အရက်သောက်နေသူများမှာ အရှိန်ပျက်သွားသဖြင့် မကျေ မနပ် ဖြစ်သွားကြလေသည်။

'ဟာ....ခုမှ တစ်ခွက်ပဲ သောက်ရသေးတယ်'

'ရေချိန်မကိုက်သေးဘူးဗျ၊ ထပ်သောက်ရမှ ဖြစ်မယ်'

'ဘယ်လိုဖြစ်လို့ ဆိုင်ကို အစောကြီးပိတ်ချင်ရတာလဲ'

စသည်ဖြင့် တစ်ယောက်တစ်ပေါက် ပြောလိုက်ကြလေ သည်။

လီဖုံးက....

'ကျုပ်မှာ အရေးကြီးတဲ့ကိစ္စ ရှိနေလို့ပါ၊ ကဲ....ကဲ... တစ်ပြားတစ်ချပ်မှ မပေးကြပါနဲ့၊ သွားကြပါတော့၊ မနက် ဖြန်မှပဲ စောစောလာပြီး အားပေးကြပါ'

ဟု ပြောလိုက်လေသည်။

တစ်ပြားမှ မပေးရမှန်းသိလျှင် အရက်သမားများသည် ဘာမျှမပြောတော့ဘဲ ထွက်သွားကြလေတော့သည်။

တစ်ခဏအတွင်းမှာပင် ဆိုင်ထဲ ရှင်းရှင်းလင်းလင်း ဖြစ် သွားလေသည်။

လီဖုံးက ဆိုင်ရှေ့ တံခါးမကြီးကို ပိတ်ထားလိုက်သော်လည်း ပြတင်းတံခါးများကိုမူ မပိတ်ချေ။

ချိုချိုနှင့် သုဝေအတွက် အရက်နှင့် ယုန်ကြွပ်တိုက်ကို သွားယူပေးလိုက်သည်။

ထို့နောက်....

ပန်းကန်ခွက်ယောက်များ သိမ်းဆည်းကာ ကိုယ့်အလုပ်ကိုယ်လုပ်နေလိုက်လေသည်။

ချိုချိုသည် သုဝေအား တစ်ဖက်သတ်မေတ္တာရှိနေမှန်း လီဖုံး သိထားလေသည်။

ချိုချိုက သုဝေအား ခေါ်လာသည်မှာ အကြောင်းရှိ၍ ဖြစ်မှန်းလည်း နားလည်ထား၏။

ထို့ကြောင့် စပ်စုခြင်းမပြုဘဲ ဘာသိဘာသာနေလိုက်ခြင်း ဖြစ်ပေတော့သည်။

ချိုချိုက သုဝေနှင့် မျက်နှာချင်းဆိုင်ထိုင်လိုက်သည်။

ပြီးလျှင် အရက်နှစ်ခွက်ငှဲပြီး....

'သောက်ပါ'



သုဝေကို ပေးလိုက်သည်။

သုဝေက အရက်ခွက်ကိုယူကာ တစ်ရှိန်ထိုး မော့သောက်လိုက်၏။

ချိုချိုကလည်း သုဝေနည်းတူ အရက်ကိုမော့သောက်ပစ်လိုက်၏။

သူမသည် ယောကျ်ားတစ်ယောက်နှင့် တန်းတူရင်ပေါင်တန်းကာ လိုက်နိုင်သော မိန်းကလေးတစ်ယောက် ဖြစ်လေသည်။

လှပချောမောသည်၊ နူးညံ့ပျော့ပျောင်းသည်ဟု ထင်မှတ်ကာ အထင်သေးလျှင် အမှားကြီး မှားသွားလိမ့်မည် ဖြစ်လေသည်။

သူမသည် ကျားမတစ်ကောင်ထက်ပင် ကြောက်စရာကောင်းသူ ဖြစ်ပေတော့သည်။

ချိုချိုက သုဝေကို ကြည့်လိုက်သည်။

သုဝေက ယုန်ကြွပ်ကင်ကို ဖဲ့စားကာ....

'အတော်ကို အရသာရှိပါလား'

ဟု ချီးကျူးလိုက်လေသည်။

ချီချီက....

'သုဝေ....ရှင့်ကို ကျွန်မ မေးစရာရှိတယ်'

ဟု စကားစလာလေသည်။

သုဝေ ခေါင်းညိတ်လိုက်သည်။

'ပြောလေ၊ ဘာပြောချင်လို့လဲ'

ချီချီက....

'ဆရာကိုကက ရှင် ရူးသွပ်နေပြီလို့ သတ်မှတ်လိုက်တယ်၊ အဲဒါ အမှန်ပဲလား'

345

သုဝေက ရယ်မောလိုက်သည်။

'သူက ရူးတယ်ပြောတိုင်း ရူးရမှာလား၊ ကောင်းတယ်ပြောတိုင်း ကောင်းရမှာလား'

ဟုလည်း ပြောလိုက်၏။

ချီချီက....

'ဒါဖြင့် ရှင်မရူးဘူးပေါ့'



သုဝေက....

'အဲဒီလိုလဲ မဟုတ်သေးဘူး'

ချီချီက....

'ဒါဖြင့် ဘယ်လိုလဲ'

သုဝေက....

'ကျုပ်က တစ်ခါတလေ ကောင်းနေတတ်တယ်၊ တစ်ခါတလေ ရူးနေတယ်၊ ဘာပဲဖြစ်ဖြစ် ရူးနေရတာကို ကျုပ်ပိုပြီး သဘောကျမိတယ်'

'ရှင်....'

ချီချီ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

သုဝေက အရက်ကို ကိုယ့်ဘာသာကိုယ် ငှဲ့သောက်လိုက်ပြီး တေးကဗျာတစ်ပုဒ်ကို ရွတ်ဆိုလိုက်လေသည်။

ချီချီက မယုံကြည်နိုင်သော မျက်လုံးများဖြင့် ကြည့်ရင်း....

'ရှင်ရူးနေပြီဆိုတာ ကျွန်မ တကယ်ပဲ ယုံကြည်သွားပြီ'

ဟု ပြောလေသည်။

သုဝေ ရယ်မောလိုက်သည်။

'ချီချီ…မင်းမှားနေပြီ၊ ငါမရူးပါဘူး'

ချီချီက….

'ရှင်က မရူးဘူးသာဆိုတယ် ကဗျာတွေဘာတွေ ရွတ်လို့ပါလား'

'ကဗျာရွတ်တာနဲ့ပဲ ရူးတယ်လို့ သတ်မှတ်ရတော့မှာလား'

'ရှင်ဟာ ကြေးစားလူသတ်သမား တစ်ယောက်ပဲ၊ တေးကဗျာနဲ့ ဘာဆိုင်သလဲ'

'အရင်ကတော့ ဟုတ်တယ်၊ အခုတော့ ဆိုင်နေပြီ'

'ရှင်က….'

'ကျုပ်က တေးကဗျာတွေ ရေးဖွဲ့စပ်ဆိုချင်တယ်၊ ပန်းချီဆွဲချင်တယ်၊ ရှေးဟောင်းစာပေတွေ ဖတ်ရှု လေ့လာချင်တယ်၊ ဘယ်တုန်းကမှ ဒီလိုစိတ်ထားမျိုး ဖြစ်ပေါ်မလာခဲ့ဖူးဘူး၊ ခုတော့ သူ့အလိုလို မကြာမကြာ ဖြစ်ပေါ်လာတယ်၊ ကျုပ် စဉ်းစားကြည့်တယ်၊ ကြေးစားဘဝဟာမီးနဲ့တူတယ်၊ စာပေသမား ဘဝကတော့ ပန်းကလေးနဲ့ တူတယ်၊ ဘာပဲဖြစ်ဖြစ် ကြေးစားဘဝထက် စာပေသမား ဘဝဟာ



ပိုပြီး အေးချမ်းသာယာတယ်၊ ပျော်ရွှင်စရာ ကောင်းတယ်ဆိုတာ ကျုပ် တွေးမိလာတယ်'

ချီချီ ခေါင်းခါယမ်းလိုက်လေသည်။

သူမသည် သုဝေကို မျက်လုံးပြူး၍ကြည့်ကာ….

'ရှင် ရူးနေပြီ'

ဟု ပြောလိုက်လေသည်။

သုဝေ ပခုံးတွန့်လိုက်သည်။

'ချီချီ….မင်းက ကျုပ်ကို တစ်နေ့လုံးထိုင်ကြည့်နေမယ်ဆိုရင် ကျုပ် ရူးနေပြီဆိုတဲ့စကားကို အကြိမ်ပေါင်း တစ်ထောင်လောက် ပြောမိမှာ သေချာတယ်'

ချီချီက….

'ရှင်ဟာ ဘာကြောင့် ဒီလောက်တောင် ပြောင်းလဲသွားရတာလဲ'

ဟု မေးလေသည်။

သုဝေက….

'ကျုပ်က ပြောင်းလဲတာ မဟုတ်ပါဘူး၊ မင်းတို့ကသာ ကျုပ်အပေါ် အမြင်ပြောင်းသွားတာပါ'

ချီချီသည် စိတ်ရှုပ်သွားဟန်ဖြင့် အရက်တစ်ခွက်ပြီး တစ်ခွက် သောက်လိုက်လေသည်။

သုဝေက ဘာမှမပြောဘဲ လက်ပိုက် ကြည့်နေလိုက်သည်။

ချီချီသည် သိုင်းစွမ်းရည်ထက်သလို အရက်ကိုယောကျ်ားတစ်ယောက်ထက်ပို၍ သောက်နိုင်သူ ဖြစ်လေသည်။

သုဝေကြည့်နေစဉ်ချီချီကအရက်အိုးတစ်ဝက်ကုန်အောင် သောက်ပစ်လိုက်ပြီ ဖြစ်လေသည်။

ထိုသို့ သောက်ပြီးမှ အကြံပေါ်လာဟန် ရှိလေသည်။

သုဝေကို စိုက်ကြည့်လိုက်ပြီး....

'ရှင်က ဘာတွေ အကြံထုတ်နေတာလဲ'

ဟု မေးလိုက်လေသည်။

သုဝေက....

'အကြံထုတ်တာ'



'ဟုတ်တယ်'

'နေပါဦး၊ ကျုပ်က ဘာအကြံထုတ်ရမှာလဲ'

'ရှင်က ဆရာကို့လက်အောက်က ရှန်းထွက်ချင်တာနဲ့ ခုလို ကြံစည်လိုက်တာ မဟုတ်လား'

သုဝေက သက်ပြင်းချလိုက်လေသည်။

'ကျုပ်က ဒီလိုသဘောမျိုးဘယ်တုန်းကမှ မတွေးခဲ့မိဘူး၊ ဒါပေမယ့် ခုတော့ ဆရာကို့ရဲ့လက်အောက်က ထွက်ခွင့်ရတာ ကံကောင်းသလို ဖြစ်နေပြီ'

ချီချီက....

'ရှင်က တမင်ကြံစည်ခဲ့တာပါ'

သုဝေ ခေါင်းခါယမ်းလိုက်သည်။

'တမင်လုပ်တာတော့ မဟုတ်ဘူး၊ သူဘာသာဖြစ်လာတာ၊ ခုတော့ ကျုပ်ဟာ ဘာကြောင့် သတိလစ်သလို ဖြစ်သွားရသလဲ၊ အဲဒီလိုအချိန်မျိုးမှာ ကိုယ့်ကိုယ်ကိုမပိုင်တော့ဘဲ တခြားအင်အားတစ်ခုက ကျုပ်ရဲ့ရုပ်ခန္ဓာကိုလွှမ်းမိုးချုပ်ကိုင်ထားသလို ခံစားရတာ ဘာကြောင့်လဲ၊ ဒါတွေကို ကျုပ်သိချင်လာတယ်၊ သိရအောင်လဲ စုံစမ်းမယ်လို့ စိတ်ကူးထား

တယ်၊ ဆရာကို့က ကျုပ်ကိုမောင်းထုတ်လိုက်တော့ ဝမ်းမနည်းမယ့်အပြင် ဝမ်းတောင်သာမိတာပေါ့'

ချီချီက....

'ရှင် ဘာတွေပြောနေတာလဲ၊ ကျွန်မ နားမည်နိုင်တော့ဘူး'

ဟု ပြောလေသည်။

သူဝေက....

'ကာယကံရှင်ဖြစ်တဲ့ကျုပ်တောင်မှ နားမလည်နိုင်တာ၊ အပြင်လူတွေ ဘယ်လိုလုပ်ပြီးနားလည်နိုင်မှာတဲ့လဲ'

ချီချီက....

'ထားပါတော့လေ၊ အခု ရှင်က ဘယ်ကိုသွားမယ်လို့စိတ်ကူးထားသလဲ'

သူဝေက....

'ကျုပ်ရဲ့မျက်စိထဲမှာ စိမ်းလန်းသာယာတဲ့ အရပ်ဒေသတစ်ခုကို မြင်ယောင်နေမိတယ်၊ အဲဒီအရပ်မှာ ကျုပ်ရဲ့ အိမ်တွေယာတွေရှိနေတယ်လို့လဲ ခံစားနေရတယ်၊ ဒါကြောင့်...'



'ရှင်က သွားမယ်ပေါ့'

'ဟုတ်တယ်'

'အဲဒီနေရာက....'

'ကျုပ် မသိဘူး'

ချီချီ စိတ်ပျက်သွားလေသည်။

'ရှင် တော်တော်ခက်ပါလား'

သူဝေက အမှုမထားဘဲ....

'ကျုပ်သွားချင်တဲ့နေရာဟာ ဘယ်မှာရှိတယ် ဆိုတာကို ကျုပ်မသိဘူး၊ ဒါပေမယ့် ကျုပ်က တစ်နေ့တော့ တွေ့အောင်ရှာနိုင်မှာပါ'

ချီချီက....

'ရှင်က ရှာဖွေတွေ့ရှိနိုင်ပါစေလို့ ကျွန်မ ဆုတောင်းပါတယ်ရှင်'

'ကျေးဇူးပဲ'

သူဝေက ပြုံး၍ ပြောလိုက်သည်။

ချီချီကလည်း ပြုံးပြရင်း....

'စိတ်ချ...တွေ့ရမှာပါ၊ ဘာကြောင့်လဲဆိုရင် ကျွန်မကလဲ ဝိုင်းကူပြီး ရှာပေးမှာမို့လို့ပေါ့'

'ဟင်'

'ရှင့်နောက်ကို ကျွန်မ လိုက်ခဲ့မယ်လေ'

သူဝေက....

'ဟာ....ဒါတော့ မဖြစ်ဘူးထင်တယ်'

'ဘာဖြစ်လို့လဲရှင်'

'ကျုပ်က....'

'ရှင်တစ်ယောက်တည်း လိုက်ရှာနေတာထက် ကျွန်မပါ ဝိုင်းကူပြီးရှာပေးတာက ပိုမကောင်းဘူးလား'

သူဝေ ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်ဘူး ထင်တယ်'

ချီချီက ရယ်မောလိုက်သည်။



'ဖြစ်ပါတယ်၊ ရှင်က ကျွန်မကို ခေါ်မသွားချင်လို့ပြောနေတာ မဟုတ်လား'

ထိုစဉ်....

'ဘယ်သူက ဘယ်သူ့ကိုမှ ခေါ်သွားစရာ မလိုဘူး'

အေးတိအေးစက် စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

သူဝေနှင့် ချီချီတို့က လှမ်းကြည့်လိုက်ကြ၏။

ထိုအခါ....

ကိုးယောက်ချန်းက ဆိုင်တံခါးတွန်းဖွင့်ကာ ဝင်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

## လမ်းခွဲသတင်းဆိုး

ကို့ထုံချန်းသည် ဆိုင်ထဲသို့ရောက်လာပြီဖြစ်သည်။

သူဝေနှင့် ချိုချိုတို့ရှိနေကြသော စားပွဲဆီသို့ လှမ်းလာကာ လွတ်နေသောထိုင်ခုံ၌ ဝင်ထိုင်ချလိုက်လေသည်။

သုဝေက ဟန်မပျက်ရှိနေသော်လည်း ချိုချိုကား မျက်နှာပျက်သွား၏။

သူမသည် ထိုင်ရမလို ထရမလိုဖြစ်သွားသည်။

လီဖုံးကလည်း အရက်တစ်အိုး အလျင်အမြန်လာချပေးလေသည်။

ကို့ထုံချန်းက အရက်တစ်ခွက် ငှဲသောက်လိုက်ပြီးမှ တည်ကြည်သောမျက်နှာထားဖြင့်....



'ချိုချို မင်းဘယ်မှသွားလို့မဖြစ်ဘူး၊ အရေးပေါ်တာဝန်တစ်ခု ထမ်းဆောင်ရလိမ့်မယ်'

ဟု ပြောလေသည်။

ချိုချို၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ကို့ထုံချန်းက....

'လီဖုံး'

ဟု ခေါ်လိုက်သည်။

လီဖုံးက ချက်ချင်း ဦးညွှတ်လိုက်သည်။

'အမိန့်ရှိပါ ဆရာကို့'

ကို့ထုံချန်းက...

'မင်းက ချိုချိုနဲ့လက်တွဲပြီး တာဝန်ထမ်းဆောင်ရမယ်'

လီဖုံးက ထပ်မံဦးညွှတ်လိုက်လေသည်။

'အမိန့်အတိုင်းပါ ဆရာကို့'

ကိုထုံချန်းက....

'သုဝေ'

ဟု ခေါ်လိုက်သည်။

သုဝေက ခေါင်းထောင်ကြည့်လိုက်လေသည်။

ကိုထုံချန်းက သုဝေအား ခပ်စိန်းစိန်းကြည့်ကာ....

'မင်းဟာ မေတ္တာဂေဟာရဲ့ အပြင်လူဖြစ်နေပြီ၊ ငါတို့ အရေးကြီးတဲ့စကား ပြောစရာရှိနေတယ်၊ ဒီတော့ မင်းသွား စရာရှိတာသွားရင် ကောင်းမယ်'

ဟု ခပ်ပြတ်ပြတ်ပင်ပြောလိုက်လေသည်။

သုဝေက....

'ကောင်းပါပြီ ဆရာကို'

စကားဆုံးလျှင် ထိုင်ရာမှထလိုက်သည်။

နှာပျက်နောက်....

သူမ...းနှင့် ချီချီတို့ကိုပင် နှုတ်ဆက်ခြင်းမပြုဘဲ အရက်ဆိုင်
လိ...တ်တဆိတ်ဖြင့် ထွက်သွားလေတော့သည်။
လေသည်

ကိုထုံချ * * *

ကြည်သောမျက်နှ



သုဝေ ထွက်သွားပြီဖြစ်လေသည်။

ချီချီ ဂနာမငြိမ် ဖြစ်နေသည်။

သူမက သုဝေနောက်သို့ လိုက်သွားလိုသည် မဟုတ်ပါလား။

ကိုထုံချန်း ရောက်လာသဖြင့် သူမ၏အကြံ ပျက်စီးသွားရပြီ ဖြစ်လေသည်။

ကိုထုံချန်းကလည်း ချီချီ၏ အတွင်းသဘောကို ရိပ်မိထားပုံရ၏။

'ချီချီက သုဝေထက် အရေးကြီးတဲ့ကိစ္စတွေ ရှိသေးတယ် ဆိုတာ မမေ့နဲ့'

ဟု ပြောလိုက်သည်။

ချီချီ မတတ်သာတော့ဘဲ ပင့်သက်ရှိုက်ကာ....

'ဟုတ်ကဲ့ ဆရာကို'

ဟု ပြောလိုက်ရလေသည်။

ကိုထုံချန်းက သက်ပြင်းချလိုက်သည်။

'သူဝေရဲ့အခြေအနေက ပြောင်းလဲနေတယ်၊ ဒါကြောင့် အလုပ်ကိစ္စပေါ်လာတဲ့အခါ သူ့ကို စိတ်မချနိုင်တာနဲ့ သူ့ကိုယ်စား လုယိကိုလွှတ်လိုက်ရတယ်၊ အခုတော့ ပြဿနာပေါ်လာပြီလေ'

ချိုချိုနှင့်လီဖုံးတို့ စိတ်ဝင်စားသွားကြလေတော့သည်။

ကိုထုံချန်း တာဝန်ယူခဲ့သည့် ကိစ္စတိုင်းသည် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်ချည်း ဖြစ်လေသည်။

ယခု...

လုယိအား တာဝန်ပေးလိုက်ရာ အောင်မြင်ခြင်း မရှိဘဲ ပြဿနာပေါ်နေသည်ဟု ဆိုခြင်းသည် အားလုံးအတွက် မကောင်းသောကိစ္စဖြစ်နေပြီ မဟုတ်ပါလား။

လီဖုံးက....

'ဘယ်လိုများဖြစ်ရတာလဲ'

ဟု စိုးရိမ်မကင်းသောလေသံဖြင့် မေးလေသည်။

ကိုထုံချန်းက....

'မြောက်ပိုင်းမှာ အပြိုင်အဆိုင်ဖြစ်နေတဲ့သိုင်းဂိုဏ်းနှစ်ဂိုဏ်း ဖြစ်တဲ့ ဂိုဏ်းတစ်ခုက ကျန်တဲ့ဂိုဏ်းရဲ့ ခေါင်းဆောင်ကို လုပ်ကြံချင်လို့ ကျုပ်ကို ဆက်သွယ်လာတယ်'



ဟု အစဦးက သူဝေအား စေလွှတ်ဖို့စီစဉ်ခဲ့ပုံ၊ သူဝေ၏ အခြေအနေ ထူးခြားနေသဖြင့် လုယိအား အစားထိုးစေလွှတ်လိုက်ရပုံ၊ လုယိက မြောက်ပိုင်းသို့ ရောက်သွားပြီး အမှားအယွင်းများ ပြုလုပ်ခဲ့ပုံ စသည် စသည်များကို ပြောပြလိုက်လေသည်။

လီဖုံးနှင့်ချိုချိုတို့ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြလေသည်။

ကိုထုံချန်းက....

'ကျုပ်ကို ဆက်သွယ်တာက မြောက်ပိုင်း တန်ဆောင်ဂိုဏ်းပဲ၊ ခုတော့ သူတို့က ကျုပ်ကိုအရေးဆိုလာကြပြီ'

လီဖုံးက....

'ဘယ်လိုများလဲ ဆရာကို'

ကိုထုံချန်းက....

'လုယိကြောင့် သူတို့ သိက္ခာကျရမယ်၊ အရှက်တကွဲ အကျိုးနည်းဖြစ်ရတော့မယ့် အခြေအနေနဲ့ ကြုံတွေ့နေရပြီ၊ ဒါကြောင့် သူတို့ရဲ့ ပြိုင်ဘက် မိုးကြယ်ဂိုဏ်းက လုယိကို ဖမ်းမမိခင် လက်ဦးအောင် သဲလွန်စဖျောက်ပေးရမယ်ဆိုတဲ့ တောင်းဆိုချက်ပဲ'

လီဖုံးက....

'လုယိက လုပ်ကြံဖို့ ကြိုးစားတာ မအောင်မြင်ခဲ့ဘူး ထင်တယ်'

ကို့ထုံချန်းက....

'ဟုတ်တယ်၊ မအောင်မြင်တဲ့အပြင် အလေ့အကျင့်ကြီး လုပ်မိလို့ အရေးနိမ့်ပြီး ဒဏ်ရာတောင် ရသွားသေးတယ်'

'သူက ကျုပ်တို့ဆီကိုလဲ ပြန်ရောက်မလာပါလား'

'တာဝန်မကျေတဲ့လူတွေ မေတ္တာဂေဟာကို ပြန်မလာရဘူးဆိုတဲ့ စည်းကမ်းကို မင်း မေ့နေပြီလား'

လီဖုံး ပါးစပ်ပိတ်သွားလိုက်လေသည်။

ကို့ထုံချန်းက....

'လုယိက ပြန်မလာရဲဘူး ရှောင်တိမ်းနေတယ်၊ သူ့နောက်ကို မုံးကြယ်ဂိုဏ်းကလူတွေ သဲကြီးမဲကြီး လိုက်နေကြတယ်'

ချီချီ သက်ပြင်းချလိုက်သည်။

လုယိ၏အခြေအနေ အလွန်ဆိုးရွားနေပြီ ဖြစ်ကြောင်း နားလည်လိုက်လေသည်။



ကို့ထုံချန်းက....

'လုယိကြောင့် မေတ္တာဂေဟာကိုပါ ထိခိုက်လာနိုင်တယ်၊ မြောက်ပိုင်း တန်ဆောင်ဂိုဏ်းကလဲ တောင်းဆိုနေတယ်ဆိုတော့....

စကားကိုခေတ္တရပ်ကာ လီဖုံးနှင့်ချီချီတို့အား အကဲခတ်ကြည့်လိုက်ပြီးမှ ဆက်ပြောလိုက်လေသည်။

'လုယိကို ရှင်းပစ်ရလိမ့်မယ်'

လီဖုံးနှင့်ချီချီတို့ တုတ်တုတ်မျှ မလှုပ်ကြချေ။

ကြေးစားဘဝတွင် အဖြစ်အပျက်အမျိုးမျိုးနှင့် ကြုံတွေ့ရမည်သာ ဖြစ်လေသည်။

မည်သို့သောကိစ္စကိုမဆို ခံစားချက်မထားကြရန်ကြေးစားတိုင်းက သဘောပေါက်ထားကြသည် မဟုတ်ပါလား။

ယခု....

တစ်လေ့တည်းစီး တစ်ခရီးတည်းသွားများ ဖြစ်သော လုယိအား ပြန်လည်သုတ်သင်ရှင်းလင်းပစ်ရတော့မည် ဖြစ်လေသည်။

ကို့ထုံချန်းက...

'လုယိကို မင်းတို့နှစ်ယောက် တာဝန်ယူကြရလိမ့်မယ်၊ ဒီကနေ့ပဲ ခရီးထွက်ဖို့ ပြင်ဆင်ထားကြပေတော့'

ဟု အမိန့်ပေးလိုက်လေသည်။

လီဖုံးနှင့်ချိုချိုတို့ ဦးညွတ်ဂါရဝ ပြုလိုက်ကြလေသည်။

'ကောင်းပါပြီ ဆရာကို.'

ကို့ထုံချန်းက ထိုင်ရာမှ ထလိုက်လေသည်။

ထို့နောက်....

အရက်ဆိုင်ထဲမှ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားလေတော့သည်။

* * *

ကို့ထုံချန်း ထွက်သွားပြီ ဖြစ်လေသည်။

အရက်ဆိုင်ထဲ၌ တိတ်ဆိတ်သွား၏။

လီဖုံးနှင့်ချိုချိုတို့ မလှုပ်မယှက် ထိုင်နေကြ၏။



အတော်ကလေးကြာတော့မှ လီဖုံးက သက်ပြင်းချလိုက်လေသည်။

'ကျုပ်က သိမ်းစရာရှိတဲ့ ပစ္စည်းလေးတွေ သိမ်းဆည်းလိုက်ဦးမယ်'

ဟု ပြောကာ ထိုင်ရာမှထလိုက်လေသည်။

'ခဏ'

ချိုချိုက ဟန့်တားလိုက်လေသည်။

လီဖုံးက...

'မင်း....ဘာပြောချင်လို့လဲ'

ချိုချိုက....

'ကျွန်မတို့က လုယိကို ရှင်းပစ်ရမှာပေါ့နော်'

လီဖုံးက....

'ဟုတ်တယ်လေ'

ချိုချိုက....

'တကယ်လို့ သူ့နေရာမှာရှင်ဆိုရင် ဘယ်လိုခံစားရမလဲ'

'ဟင်....'

လီဖုံး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ချိချိကို နားမလည်နိုင်စွာကြည့်ကာ....

'မင်း ဘာပြောတာလဲ'

ချိချိက....

'လုယီရှိနေရာမှာ ရှင်သာဆိုရင် ဘယ်လို ခံစားရမလဲလို့ မေးတာပါ'

လီဖုံးက....

'ဘယ်တတ်နိုင်မလဲ၊ တာဝန်မကျေတဲ့လူကို မေတ္တာ ဂေဟာက အလိုမရှိဘူးဆိုတာ အားလုံးသိနေကြတာပဲ၊ နေပါဦး၊ မင်းက ဘယ်လိုဖြစ်နေတာလဲ'

ချိချိ ပြုံးလိုက်သည်။

'ကျွန်မလဲ ရှုးနေပြီထင်ပါတယ်ရှင်'

ဟု ပြောလိုက်လေသည်။

* * *



သုဝေ။

သုဝေသည် လီဖုံး၏ အရက်ဆိုင်မှ ထွက်လာပြီးသည့် နောက်ပိုင်းတွင် နောက်ကြောင်း လှည့်မကြည့်တော့ချေ။

မေတ္တာဂေဟာနှင့်လည်းကောင်း၊ ကြေးစားဘဝနှင့်လည်း ကောင်း ဝေးရာသို့ထွက်သွားလေ၏။

သူက အေးချမ်းသာယာသော ဘဝကို လိုက်လံရှာဖွေနေ ခြင်း ဖြစ်သည်။

ထိုဘဝကို အိပ်မက်ထဲ၌ မကြာခဏတွေ့ခဲ့ရသည် မဟုတ် ပါလား။

အပြင်မှာလည်း ရှာဖွေတွေ့ရှိလိမ့်မည်ဟု ယုံကြည်ထား လေသည်။

သူ၏ယုံကြည်ချက် မှန်ကန်နိုင်ပါမည်လော။

သုဝေကား အိပ်မက်ကမ္ဘာကို ရှာဖွေနေရန်နှင့် ပဟေဠိ ဆန်လှသောအဖြစ်ကို ဖြေရှင်းရန်ခရီးစနေပြီ ဖြစ်ပေတော့ သည်။

* * *

အငြိုး

---

'ဂျိမ်း....'
မိုးခြိမ်းသံ ထွက်ပေါ်လာသည်။
ကောင်းကင်ပေါ်တွင် လျှပ်နွယ်လျှပ်ပန်းများ ဝင်းလက်သွားသည်။
လေပြင်းများလည်း တဝီဝီမြည်ကာ တိုက်ခတ်လာသည်။
မကြာပါချေ။
မိုးသက်လေပြင်း ကျရောက်လာလေတော့သည်။
သူဝေသည် ခပ်သွက်သွက်ပြေးသွားပြီး လမ်းဘေး၌ရှိနေသော ဇရပ်ပျက် တစ်ဆောင်ပေါ်သို့ ပြေးတက်လိုက်သည်။



သူက ဇရပ်ပေါ်သို့ ရောက်သွားမှ မိုးရွာလာသဖြင့် ကံကောင်းသည်ဟု ဆိုနိုင်ပါတော့သည်။

သူဝေသည် ဇရပ်မှတိုင်တစ်လုံးကိုမှီကာ အေးအေးဆေးဆေး ထိုင်ချလိုက်သည်။

မိုးရွာသည်ဖြစ်စေ၊ နေပူသည်ဖြစ်စေ၊ နေ့ဘက်ဖြစ်စေ၊ ညဖြစ်စေ အရေးမကြီးပါချေ။

သူ့အတွက် အချိန်များစွာ ရနေသည် မဟုတ်ပါလား။

အချိန်တိုင်း အချိန်တိုင်းသည် အားလပ်ချိန်များ ဖြစ်နေပါတော့သည်။

မိုးသက်လေပြင်းကား သည်းထန်စွာ ကျရောက်လာလေသည်။

'ဝေါ...ဝေါ...ဝေါ'

'ဝှီး....ဝှီး....ဝှီး'

'ဂျိမ်း....ဂျလိန်း'

လေပြင်းတိုက်သံ၊ မိုးခြိမ်းသံ မိုးကြိုးပစ်သံများ ထွက်ပေါ်နေ၏။

ဇရပ်ကလေးမှာ ယိမ်းထိုးနေသည်။

ခေါင်မိုးသွပ်ပြားများသည် တချွမ်းချွမ်းမြည်နေသည်။

ဇရပ်ကလေးမှာ လဲပြိုကျသွားတော့မည် ထင်ရမေတော့သည်။

သုဝေသည် မိုးသက်လေပြင်း ကျရောက်နေပုံကိုကြည့်ကာ စိတ်ထဲ တစ်မျိုးဘမည် ဖြစ်လာလေသည်။

ရုတ်တရက်....

ဦးခေါင်းထဲ ရီဝေလာသည်။

တစ်ကိုယ်လုံး မလှုပ်မရှားနိုင်အောင် ဖြစ်လာသည်။

အသက်ရှူကျပ်သလို ခံစားလာရသည်။

ထိုသို့သော ခံစားချက်များသည် ပဟေဠိဆန်လှသောဖြစ်ရပ် အစပျိုးတော့မည့် နိမိတ်လက္ခဏာ ဖြစ်လေသည်။

သုဝေသည် ထူးခြားသောဝေဒနာ ခံစားလိုက်ရသော်လည်း စိတ်ထဲ ကျေနပ်မိလေသည်။

အခြားကြောင့်တော့ မဟုတ်ပါ။



ယခုတစ်ကြိမ် ထူးခြားသော ဖြစ်ရပ်နှင့်ကြုံရလျှင် အဘယ်ကြောင့် ဆိုသည်ကို ဖော်ထုတ်နိုင်မည်ဟု ယုံကြည်ထားခြင်းကြောင့် ဖြစ်လေသည်။

သုဝေက အသာငြိမ်နေလိုက်လေသည်။

သူက သတိထားနေသည့်ကြားမှ ဦးခေါင်းထဲ မိုက်ခနဲ ဖြစ်သွားသည်။

သတိ လက်လွတ် ဖြစ်သွားသည်။

ထို့နောက်.... .

ရာသီဥတုကြောင့် ရေးဖွဲ့ထားသည့် ကဗျာတစ်ပုဒ်ကို သိဆို နေလိုက်မိလေတော့သည်။

မိုးသက်လေပြင်းသည် အငြိုးကြီးစွာ ကျရောက်နေဆဲ....

ဇရပ်ကလေးမှာ သွက်သွက်ခါယိမ်းနေ၏။

သစ်ကိုင်းများလည်း တဖြောင်းဖြောင်းမြည်ကာ ကျိုးကျကုန်သည်။

ထိုအချိန်တွင်....

သုဝေသည် ဇရပ်တိုင်ကိုမှီကာ ကဗျာတစ်ပုဒ် ရွတ်ဆိုနေသည်။

ထိုစဉ်....

လူရိပ်များသည် ဟိုမှသည်မှ ထွက်ပေါ်လာပြီး ဇရပ်ဆီသို့ ဦးတည်လာနေကြလေတော့သည်။

* * *

ကဗျာရွတ်သံ မှန်မှန်ထွက်ပေါ်နေသည်။

သုဝေသည် လောကကြီးတစ်ခုလုံးကိုမေ့လျော့ကာကဗျာတစ်ပုဒ်ကို စိတ်ပါလက်ပါ ရွတ်ဆိုနေသည်။

ထိုစဉ်....

အနက်ရောင် ဝတ်ဆင်ထားသူများသည် ဇရပ်ပေါ်သို့ လွှားခနဲခုန်တက်လာကြလေသည်။

ထိုလူများသည် လက်နက်ကိုယ်စီ ကိုင်ဆောင်ထားပြီး သုဝေအား ဝိုင်းရံထားလိုက်ကြလေသည်။

သုဝေကား ဘာကိုမှဂရုမစိုက်ဘဲ ကဗျာရွတ်နေဆဲ....

အနက်ရောင် ဝတ်ထားကြသူများသည် မသိမသာ ရွှေ့တိုးလာကြ၏။



ထို့နောက်....

'ယား'

ဩသံပေးကာ ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာလေသည်။

ပထမဆုံးဓားတစ်ချက်သည် သုဝေ၏ ကျောပြင်ပေါ်သို့ ကျရောက်လာလေသည်။ သုဝေ မရှောင်နိုင်ခဲ့ပါ။

ဓားချက်ကြောင့် ကျောပြင်တွင် ဒဏ်ရာရသွားကာ သွေးခြင်းခြင်းနီရဲသွားလေတော့သည်။

'အား'

သုဝေသည် စူးရှစွာအော်ဟစ်ကာ ကြမ်းပြင်ပေါ် ပစ်ကျသွားလေသည်။

ထိုသို့ လဲကျသွားခြင်းကြောင့် နောက်ထပ်ဓားချက်များမှ လွတ်မြောက်သွားသည်မှာ ကံကောင်းသည်ဟု ဆိုရမည်ဖြစ်လေသည်။

သုဝေ လဲကျသွားသည်ကိုမြင်လျှင် အနက်ရောင်ဝတ်ထားကြသူများသည် ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ နောက်ဆုတ်လိုက်ကြလေသည်။

ထိုလူစုအား ခေါင်းဆောင်သူက သူ၏လက်ချက်ဖြင့် သုဝေ ဒဏ်ရာရသွားသည်ကို မယုံကြည်နိုင်အောင် ဖြစ်နေပါသည်။

'သုဝေ မင်း ဘာကြောင့်မခုခံတာလဲ'

ဟု မေးလိုက်လေသည်။

သုဝေက ဘာမှမပြောဘဲ လူးလိမ့်ထလိုက်လေသည်။

သူ၏မျက်နှာတွင် ကြောက်ရွံ့သည့်အသွင် အထင်းသားပေါ်လွင်နေသည်။ အနက်ရောင် ဝတ်ဆင်ထားသူ တစ်ယောက်က....

'ဆရာ ချူရှင်းဝူ၊ သူဟာ လောင်မီးလက်ဝါး သုဝေမှ ဟုတ်ရဲ့လား'

ဟု မေးလာလေသည်။

အနက်ရောင် ဝတ်ထားသူတို့၏ ခေါင်းဆောင်မှာ ချူရှင်းဝူဆိုသူဖြစ်လေသည်။

ချူရှင်းဝူက....

'နေဦး၊ သူ့ကို ငါစစ်ဆေးကြည့်ဦးမယ်'



ဟု ပြောကာ ရှေ့သို့ လှမ်းထွက်လိုက်လေသည်။

သုဝေက ကပျာကယာ နောက်ဆုတ်လိုက်ပြီး....

'ခင်....ခင်ဗျားတို့ ဘာလုပ်ကြမလို့လဲ'

ဟု မေးလိုက်လေသည်။

ချူရှင်းဝူက...

'သုဝေ၊ မင်းက ဘာကြောင့် ဒီလောက်တောင်ပြောင်းလဲသွားရတာလဲ'

'ကျုပ်....ကျုပ်....'

'မင်းက သတ်ရမှာလဲမကြောက်၊ သေရမှာလဲမကြောက်တဲ့ လောင်မီးလက်ဝါးသုဝေ မဟုတ်လား'

သုဝေ ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်....သုဝေ မဟုတ်ဘူး'

'ဘာကွ'

'ကျုပ်....ကျုပ်က'

'မင်းက ဘယ်သူလဲ ပြောစမ်းပါဦး'

'ကျုပ်က ကဗျာဆရာပါ'

'ဘာပြောတယ်'

'ကဗျာဆရာလေ'

'ဟား....ဟား....ဟား'

ချူရှင်းဝူက ဟားတိုက်ရယ်မောလိုက်လေသည်။

ကျန် အနက်ရောင် ဝတ်ဆင်ထားကြသူ များကလည်း ရယ်မောလိုက်ကြလေသည်။

သုဝေက....

'ကျုပ် အောင်းပါတယ်ဗျာ၊ ကျုပ်ကို ဒုက္ခမပေးကြပါနဲ့'

ချူရှင်းဝူက....

'ဩော်....မင်းက ကြောက်နေပြီပေါ့ ဟုတ်လား'

'ကျုပ်က....'

'သုဝေ၊ မင်းရဲ့ လက်ချက်ကြောင့် တာဆိုကျေးရွာမှာ ငါ့ညီသေဆုံးသွားခဲ့ရတာကို မေ့နေပြီလား'



သုဝေက....

'ကျုပ်....ဘာမှ မသိဘူးဗျ'

ဟု ပြောလိုက်လေသည်။

ချူရှင်းဝူက....

'သုဝေ၊ ငါ့ညီ ချူရှမ်းဟာ မင်းရဲ့ လက်ချက်ကြောင့် သေဆုံးသွားခဲ့ရတာကို ငါဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ဘူး၊ မင်းကို လက်စားချေဖို့ စောင့်နေတာကြာပြီ၊ ဒီကနေ့တော့ ဘယ်နည်းနဲ့မှ အလွတ်မပေးနိုင်တော့ဘူး'

သုဝေက....

'ခင်ဗျား ဘာတွေ ပြောနေတာလဲ၊ ခင်ဗျားပြောတာတွေကို ကျုပ် ဘာမှနားမလည်ဘူးဗျ'

ချူရှင်းဝူ ဒေါသထွက်သွားလေသည်။

'သုဝေ၊ မင်း လိမ်ပြောမနေနဲ့၊ သေဖို့သာပြင်ထား'

စကားဆုံးလျှင် သုဝေထံသို့ ပြေးဝင်သွားလေသည်။

သုဝေ ထိတ်လန့်သွားသည်။

'ခင်ဗျား မတရားမလုပ်နဲ့'

ဟု အော်ပြောကာ ကပျာကယာ ရှောင်တိမ်းလိုက်လေသည်။

ချူရှင်းဝူ၏ ခေါင်းချက်ကို ပွတ်ကာသီကာ ရှောင်နိုင်လိုက်သော်လည်း....

ချူရှင်းဝူက....

'မင်း....ပြေးလို့လွတ်မလား'

ဟုအော်ကာ ခြေထောက်ဖြင့် လှမ်းကန်လိုက်သောအခါ လွတ်အောင် မရှောင်နိုင်တော့ဘဲ ...

'ဝုန်း'

'အား'

ဇရပ်အပြင်ဘက်သို့ လွင့်ထွက်သွားလေသည်။

မိုးထဲရေထဲ ရွှံ့ဗွက်ထဲသို့ ကျသွားသဖြင့် သူ၏တစ်ကိုယ်လုံး ရွှဲရွှဲစိုသွားလေသည်။

အဝတ်အစားများ 'ညစ်ပတ်ပေကျံ' သွားလေတော့သည်။



'ဟား....ဟား....ဟား'

ချူရှင်းဝူက ဟားတိုက်ရယ်မောလိုက်လေသည်။

'သူဝေ၊ မင်းက ရူးချင်ဟန်ဆောင်မနေနဲ့၊ မင်းပြန်ပြီး မတိုက်ခိုက်လဲ ငါက မင်းကို ချမ်းသာပေးမှာမဟုတ်ဘူး'

သူဝေက ရွှံ့ဗွက်ထဲမှ လူးလိမ့်ထရင်း....

'ကျုပ်...ကျုပ်ကို ချမ်းသာပေးကြပါဗျာ'

ဟု တောင်းပန်လိုက်လေသည်။

'ဟား....ဟား....ဟား'

ချူရှင်းဝူက ဟားတိုက်ရယ်မောလိုက်လေသည်။

'သူဝေ....မင်းရဲ့ လောင်မီးလက်ဝါး သိုင်းကွက်ကြောင့် ငါ့ညီ သေသွားရတာ၊ ကဲ....မင်းရဲ့သိုင်းကွက် ထုတ်လေကွာ'

'ကျုပ်...ကျုပ်'

'မင်းက ငါ့ကို မယှဉ်ရဲတော့ဘူးလား'

သူဝေက ထွက်ပြေးရန် ဟန်ပြင်လိုက်လေသည်။

သို့သော်....

'သူ့ကို ဖမ်းထားလိုက်ကြစမ်း'

ချူရှင်းဝူက အမိန့်ပေးလိုက်လေသည်။

ထိုအခါ....

အနက်ရောင် ဝတ်ဆင်ထားကြသူများသည် ချက်ချင်းပင် သုဝေထံသို့ ပြေးသွားကြလေသည်။

သုဝေအား ဝိုင်းထားလိုက်ကြ၏။

သုဝေက....

'ကျုပ်....ကျုပ်ကို ချမ်းသာပေးပါဗျာ'

တောင်းပန်ရင်း ထွက်ပြေးဖို့ ကြိုးစားလေသည်။

သို့သော် ချူရှင်းဝူ၏လူများလက်မှ လွတ်မြောက်နိုင်ခြင်း မရှိတော့ချေ။

ချူရှင်းဝူ၏ လူတစ်ယောက်က....

'မပြေးနဲ့'

ဟုအော်ကာ ခေါးဖြင့်လှမ်းထိုးလိုက်ရာ သုဝေ၏ပေါင်ကို ထိုးမိသွားလေသည်။

'အား'



သုဝေ အသိတ်တလန့် အော်လိုက်သည်။

မည်သို့မျှ မဟန်နိုင်တော့ဘဲ....

'ဝုန်း'

မြေပေါ် လဲ့ကျသွားလေသည်။

ချူရှင်းဝူ၏ လူနှစ်ယောက်သည် ချက်ချင်းပင် အနီးသို့ ရောက်ရှိလာကာ သုဝေအား ဝဲယာ တစ်ဖက် တစ်ချက်မှ ချုပ်ကိုင် ထားလိုက်ကြလေတော့သည်။

ချူရှင်းဝူက ဇရပ်ပေါ်မှ ခုန်ဆင်းလာသည်။

သုဝေထံသို့ လှမ်းလာရင်း....

'အင်း....ငါကြားခဲ့ရတဲ့သတင်း မှန်နေပြီ၊ သုဝေဟာ ရှုးသွပ်သွားတာကြောင့် မေ့ဘ္ဘာဂေဟာက မောင်းထုတ် ခံလိုက်ရတယ်ဆိုတာ ခုတော့ တကယ်ပဲပေါ့'

ဟု ရေရွတ်လိုက်လေသည်။

သုဝေကိုလည်း စေ့စေ့ကြည့်လိုက်၏။

သုဝေက သူ့အား ကြောက်ရွံ့စွာကြည့်နေ၏။

ချူရှင်းဝူက....

'မင်းက ငါ့ကို ကြောက်နေပြီဟုတ်လား'

ဟု မေးလိုက်လေသည်။

သုံဝေ ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ်ဗျာ'

'ဟား....ဟား....ဟား'

ချူရှင်းဝူ သဘောကျစွာ ရယ်မောလိုက်လေသည်။

'ကောင်းတယ်....ကောင်းတယ်၊ ငါက မင်းကို နှိပ်စက်ပြီးမှ သတ်ပစ်ဖို့စီစဉ်ထားတာကွ၊ ခုတော့ မင်းကို ငါ မရက်စက်ချင်တော့ပါဘူး၊ ဓားတစ်ချက်နဲ့ပဲ သုတ်သင်ရှင်းလင်းလိုက်ပါ့မယ်ကွာ'

သုဝေက....

'ကျုပ်....ကျုပ်ကို ချမ်းသာပေးပါဗျာ'

ဟု တောင်းပန်လိုက်လေသည်။

ချူရှင်းဝူ ခေါင်းခါယမ်းလိုက်လေသည်။

'ဒါတော့ မဖြစ်ဘူး၊ မင်းက ငါ့ညီကို ရက်ရက်စက်စက် နှိပ်စက်ပြီးမှ သတ်ပစ်ခဲ့တာ၊ မင်းကိုငါ ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး'



သုဝေသည် ကြောက်လန့်ပြီး ထွက်ပြေးရန် ရှိန်းကန်လိုက်လေသည်။

သူ့အား ချုပ်နှောင်ထားသည့် အနက်ရောင်ဝတ်ထားသူတစ်ယောက်က....

'ငြိမ်ငြိမ်နေစမ်း'

ဟု ခေါက်ကာဇက်ပိုးအုပ်လိုက်လေသည်။

'ဖြောင်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာပြီး သုဝေရှေ့သို့ ငိုက်စိုက်ကျသွား၏။

'ခြွမ်း'

ချူရှင်းဝူက ဓားဆွဲထုတ်လိုက်လေသည်။

သူက သုဝေအား သုတ်သင်ရှင်းလင်း ပစ်တော့မည် ဖြစ်လေသည်။

ထိုစဉ်....

'ဝှစ်....ဝှစ်'

လေတိုးသံများ ထွက်ပေါ်လာသည်။

လက်နက်ပုန်းလေးနှစ်ခု ပစ်လွှင့်လာပြီး သူဝေအား ချုပ်နှောင်ထားသူ နှစ်ယောက်အား ထိမှန်သွားလေသည်။

ထိုလူနှစ်ယောက်မှာ မမျှော်လင့်ဘဲ ခံလိုက်ရသည် ဖြစ်ရကား....

'အား....'

'အမယ်လေး'

စူးရှစွာအော်ဟစ်ကာ မြေပေါ်လဲကျ သွားလေတော့သည်။

'ဟဲ....'

ချူရှင်းဝူ တိတ်လန့်သွားလေသည်။

မိုးသက်လေပြင်း ကျရောက်နေသဖြင့် လက်နက်ပုန်းများသည် မည်သည့်နေရာမှ ပစ်လွှင့်လာသည်ကို မသိနိုင်ပါချေ။

ချူရှင်းဝူ မကျေမနပ်ဖြင့်....

'ဘယ်သူလဲ....ထွက်ခဲ့စမ်း'

ဟု အော်ပြောလိုက်လေသည်။



သူ၏ အသံသည် မိုးသံလေသံကို ထိုးဖောက်ကာ ထွက်ပေါ်လာ၏။

မရှေးမနှောင်းမှာပင်....

'ရှင်တို့ တော်တော် သတ္တိကောင်းနေပါလား'

မိန်းကလေးတစ်ယောက်၏ စကားသံ ထွက်ပေါ်လာလေသည်။

ချူရှင်းဝူ လှမ်းကြည့်လိုက်သောအခါ ချီချီရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ချူရှင်းဝူက....

'မေတ္တာဂေဟာ ကျားမ'

ဟု မကျေမနပ် ရေရွတ်လိုက်လေသည်။

ချီချီက....

'ရှင်တို့ တော်တော်သတ္တိကောင်းနေပါလား၊ သူဝေကို ဒုက္ခပေးတာ သေချင်လို့ပဲဖြစ်ရမယ်'

ဟု ငေါက်လိုက်လေသည်။

ချူရှင်းဝူက....

'သူဝေက ကျုပ်ညီကို ရက်ရက်စက်စက် နှိပ်စက်ပြီးမှသတ်ပစ်လိုက်တာကော ဘာပြောမလဲ'

ချီချီက....

သူဝေက ခါးပြခေါင်းဆောင်တစ်ယောက်ကို သတ်သင်ပစ်ဖို့ တာဝန်ယူခဲ့တယ်၊ ခါးပြခေါင်းဆောင် ပုန်းနေတဲ့နေရာကို ရှင့်ညီကသိတယ်၊ ဒါပေမယ့် ဖွင့်မပြောတဲ့အပြင် ခါးပြခေါင်းဆောင်နဲ့ပေါင်းနေပြီး တိုက်ခိုက်ဖို့ကြိုးစားခဲ့တာကြောင့် သူဝေက ရှင်းပစ်လိုက်တာပဲ'

ချူရှင်းဝူက...

'ဘာပဲဖြစ်ဖြစ် ကျုပ်ညီဟာ သူဝေရဲ့လက်ချက်နဲ့ သေရတာ၊ ကျုပ်က သူ့ကိုဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး'

ချီချီက....

'ဒါဖြင့် ရှင်ဘာကြောင့် ကျန်ခဲ့တဲ့ အချိန်တွေကမလာဘဲ ခုမှလာခဲ့ရတာလဲ၊ သူဝေ ရှူးနေပြီဆိုတဲ့သတင်း ကြားလို့မဟုတ်လားရှင်'

ချူရှင်းဝူက ဟားတိုက်ရယ်မောလိုက်လေသည်။



'ဟား....ဟား....ဟား'

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

'ဟုတ်တယ်၊ ကျုပ်က သူဝေကို သတ်ပစ်ချင်လောက်အောင် မုန်းတယ်၊ ဒါပေမယ့် ကျုပ်က သူ့ကိုယှဉ်နိုင်ဖို့ မလွယ်မှန်းသိလို့ အခြေအနေစောင့်ကြည့်နေခဲ့တာ ခုတော့ သူ့ရဲ့သတင်းကို ကြားတာနဲ့လာခဲ့တာ'

သူက ချီချီအားစိုက်ကြည့်ပြီး ဆက်ပြောလိုက်လေသည်။

'ကျုပ်က သူဝေကိုဂရုစိုက်ပေမယ့်ကျန်တဲ့လူတွေကိုတော့ စိတ်ကူးထဲတောင် မထည့်ဘူးဆိုတာ မှတ်ထားပါ'

ချီချီက ရယ်မောလိုက်လေသည်။

'ရယ်စရာကောင်းလိုက်တာ၊ ကျွန်မကလဲ ရှင်တို့လူစုကို ဂရုစိုက်ရမယ်ဆိုရင် ကျားမဆိုတဲ့နာမည်ကို ခံမယူထားဘူးရှင့်'

ချူရှင်းဝူက....

'မှင်းဘယ်လောက် အပြောကြီးနိုင်မလဲ ကြည့်ကြသေးတာပေါ့၊ ဟေ့....တိုက်ကြစမ်း'

သူ၏လူများကို လက်ဝှေ့ယမ်းပြကာ အမိန့်ပေးလိုက်လေသည်။

ဤတွင်....

'ယား....'

အနက်ရောင် ဝတ်ဆင်ထားကြသူများသည် ကြွေးကြော်သံပေးကာ ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။

ချီချီက....

'သွားစမ်း'

ဟု အော်ငေါက်ကာ လက်ဝှေ့ယမ်းလိုက်သည်။

'ဝှစ်....ဝှစ်....ဝှစ်'

ဆူးချွန်ခြောက်ခုပါသော လက်နက်ပုန်း ကလေးများသည် တစ်ဟုန်ထိုး ပစ်လွှင့်သွားလေသည်။

ချီချီ၏ လက်နက်ပုန်းပစ်ပညာကား အစွမ်းထက်လှပေသည်။

လက်နက်ပုန်းလေးများသည် ပြန့်ကြဲနေသော ပစ်မှတ်များရှိရာသို့ အသီးသီး ခွဲထွက်ကာပစ်လွှင့်သွားပြီး ထိမှန်သွားလေသည်။



'အား....'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

ချူရှင်းဝူ၏ လူများသည် လက်နက်ပုန်းထိမှန်ကာ တစ်ယောက်ပြီး တစ်ယောက် လဲကျသွားကြလေတော့သည်။

'တောက်'

ချူရှင်းဝူ မကျေမနပ် ဖြစ်သွားလေသည်။

'သိကြသေးတာပေါ့!'

ဟု ကြုံးဝါးကာ ချီချီထံသို့ ပြေးဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'ချူရှင်းဝူ ကျုပ်ရှိသေးတယ်'

အသံသြသြကြီး တစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ချူရှင်းဝူ လှည့်ကြည့်လိုက်သောအခါ အရက်အိုးတစ်လုံး ဆွဲကိုင်ထားသည့် လီဖူးကို တွေ့လိုက်ရလေသည်။

ချူရှင်းဝူ ရင်ထိတ်သွားသည်။

'လီဖူး'

ဟု လွှတ်ခနဲ ခေါ်လိုက်၏။

လီဖူးက....

'ဟုတ်တယ်၊ မင်းက သုဝေအပေါ် အကောက်ကြံတာကို ကျုပ်တို့ လက်မခံနိုင်ဘူး'

ချူရှင်းဝူ အံကြိတ်လိုက်သည်။

'မင်းတို့ ဘယ်လောက် တတ်နိုင်မလဲ ကြည့်ကြသေးတာပေါ့'

စကားဆုံးလျှင် ခါးဝှေ့ယမ်းကာ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

လီဖူးကလည်း အရက်အိုးကြီးကို ဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

လီဖူး၏အရက်အိုးသည် သံအရက်အိုး ဖြစ်ပါသည်။



တိုက်ပွဲဝင်ရာ၌ အဓိကထားအသုံးပြုသော လက်နက်လည်း ဖြစ်သည်။

ချူရှင်းဝူနှင့်လီဖူးတို့ တိုက်ခိုက်နေကြစဉ်မှာပင် ချိချိက ချူရှင်းဝူ၏ နောက်လိုက်များကို သုတ်သင်ရှင်းလင်းပစ်လိုက်လေတော့သည်။

* * *

'ဝှန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

ဆူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာသည်။

အနက်ရောင် ဝတ်ဆင်ထားကြသူများသည် ချီချီ၏ လက်ချက်ဖြင့် တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။

ချီချီက ရယ်မောလိုက်သည်။

'ခုတော့ ဘာများတတ်နိုင်ကြသေးသလဲ'

ဟု ပြောလိုက်လေသည်။

သူမ လှမ်းကြည့်လိုက်သောအခါ ချူရှင်းဝူနှင့် လီဖုံးတို့ ရင်ဆိုင်တိုက်ခိုက်နေကြသည်ကို တွေ့ရ၏။

ချူရှင်းဝူသည် တစ်စထက်တစ်စ အရေးနိမ့်လာသည်။

အခြေအနေမဟန်မှန်းသိလျှင် ထွက်ပြေးရန် ဟန်ပြင်လိုက်လေသည်။

ချီချီက....

'ရှင်....ပြေးလို့ရမလား'

ဟု ငေါက်ကာ လက်ဝှေ့ယမ်းလိုက်သည်။

လက်နက်ပုန်းလေးတစ်ခု ပစ်လွှင့်သွားပြီး ချူရှင်းဝူ၏ ခြေထောက်ကို ထိမှန်သွားလေသည်။



'အင့်'

ချူရှင်းဝူညည်းတွားကာ ဟန်ချက်ပျက်ပြီးမြေပေါ်လဲ့ကျမလို ဖြစ်သွားရလေသည်။

ထွက်ပြေးနိုင်ခြင်းလည်း မရှိတော့ချေ။

ထိုအချိန်မှာပင်....

'ရှောင်နိုင်ရင် ရှောင်စမ်း'

လီဖုံးက သံအရက်အိုးကြီးဖြင့် ချူရှင်းဝူ၏ ဦးခေါင်းကို ထုချလိုက်သည်။

ချူရှင်းဝူ မရှောင်နိုင်တော့ပါချေ။

'ခွမ်း'

'အား'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။

ချူရှင်းဝူသည် မြေပေါ် ပုံလျက်သား လဲကျသွားကာ အသက်ပျောက်သွားရလေတော့သည်။

*     *     *

ချူရှင်းဝူတို့ လူစု မြေပေါ်တွင် အတုံးအရုံး လဲကျနေ၏။

သူတို့သည် သုဝေအားသုတ်သင်ပစ်ဖို့ ကြိုးစားခဲ့ကြသည်။

သို့သော်....

ချီချီနှင့်လီဖုံးတို့ အချိန်မီရောက်ရှိလာကြသဖြင့် အကြံမအောင်နိုင်ဘဲ မရှုမလှ အရေးနိမ့်သွားကြပြီ ဖြစ်လေသည်။

လီဖုံးနှင့်ချီချီတို့သည် မြေပေါ်လဲကျနေသော သုဝေအနီးသို့ ရောက်ရှိသွားကြလေသည်။

သုဝေကား ချူရှင်းဝူ၏ လက်ချက်ဖြင့် ဒဏ်များရကာ သတိလစ် မေ့မြောနေပြီ ဖြစ်လေသည်။

လီဖုံးနှင့်ချီချီတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

လီဖုံးက....

'သုဝေ ဒဏ်ရာရထားတာ မနည်းဘူး၊ သမားတော်ဆီကို အမြန်ဆုံးပို့မှဖြစ်မယ်'

ဟု စိုးရိမ်ပူပန်စွာ ပြောလေသည်။

ချီချီက....



'ကောင်းပြီ၊ ကျွန်မ လိုက်ပို့မယ်'

သူမသည် သုဝေကို ပွေ့ချီကာ ပခုံးပေါ် ထမ်းလိုက်လေသည်။

တစ်ဖန် လီဖုံးဘက်သို့ လှည့်ကာ....

'လီဖုံး၊ ဆရာကို ခိုင်းတဲ့ကိစ္စကို ရှင်ပဲ ကြည့်လုပ်လိုက်တော့၊ ကျွန်မ မြောက်ပိုင်းကို လိုက်နိုင်တော့မှာ မဟုတ်ဘူး၊ သုဝေကို စောင့်ရှောက်မယ့်လူတစ်ယောက်တော့ ရှိမှဖြစ်မယ်'

ဟု ပြောလိုက်လေသည်။

လီဖုံးက သဒ္ဒါတူလိုက်လေသည်။

'ကောင်းပြီ၊ ဒီကိစ္စကို ကျုပ်ပဲ တာဝန်ယူပြီးဆောင်ရွက်လိုက်မယ်၊ မင်း သွားမယ်ဆိုရင်လဲ မြန်မြန်သာ သွားပေတော့'

ချီချီက....

'ကျေးဇူးပဲ'

သူမသည် သုဝေကို ပခုံးပေါ်ထမ်းကာ ပြေးလွှားထွက်ခွာသွားလေတော့သည်။

*    *    *

သဲလွန်စ

---

သမားတော်ဝမ်း။

ချီချီသည် သုဝေအား သမားတော်ဝမ်းထံသို့ ခေါ်သွားလေသည်။

ဤနယ်တစ်ပိုက်တွင် သမားတော်ဝမ်းသည် နာမည်ကြီးဆရာ မဟုတ်ပါလား။

မည်သို့သော ရောဂါဝေဒနာမျိုးကိုမဆို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်သည်ဟု သတင်းကြီးနေသူလည်း ဖြစ်ချေသည်။

သို့သော်....



သမားတော်ဝမ်းသည် ပညာဂုဏ် မောက်သည်၊ ငွေမက်သည်ဟုလည်း ထင်ရှားလေသည်။

ချီချီသည် သုဝေအား ပခုံးပေါ်ထမ်းကာ သမားတော်ဝမ်း၏ ဂေဟာရှေ့သို့ ရောက်ရှိသွားလေသည်။

သူမက အပြေးတစ်ပိုင်း ဝင်သွားရာ အစောင့် တစ်ယောက်က....

‘ဟေ့....ဒါဘယ်သွားမလို့လဲ၊ ရပ်လိုက်စမ်း’

ဟု အော်ဟောက်ဟန့်တားလာလေသည်။

ချီချီက....

‘ဘယ်သွားရမလဲ၊ သမားတော်ကြီးဆီကို သွားမှာပေါ့၊ ဒီမှာ လူနာပါလာတာ မတွေ့ဘူးလား’

ဟု ပြန်ဟောက်လိုက်သည်။

အစောင့်ကို တွန်းဖယ်ကာ ဂေဟာထဲသို့ ဝင်သွားလေသည်။

အစောင့်သည် နောက်မှ ပြေးလိုက်လာပြီး....

‘သမားတော်ကြီးကို ဒီပုံစံနဲ့ဝင်တွေ့လို့ ရမလား’

ဟု မကျေမနပ် ပြောလေသည်။

ချိုချို၏နံဘေးမှ ဖြတ်ကာ ဂေဟာအတွင်းဘက်သို့ ဦးအောင်ဝင်ပြီး တံခါးပိတ်လိုက်၏။

ချိုချို ဒေါသွပ်သွားလေသည်။

'သေချင်ပြီထင်တယ်'

ဟုငေါက်ကာ တံခါးကို ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။

'ဝုန်း....'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

တံခါးနှစ်ချပ် ဟာလာဟင်းလင်း ဖြစ်သွားလေသည်။

ပြင်းထန်စွာ ကန်ဖွင့်ခြင်းခံရသဖြင့် တံခါးရွက်နှင့်တိုက်မိသွားသော အစောင့်မှာ အသံပင်မထွက်နိုင်ဘဲ ကြမ်းပြင်ပေါ် လဲကျကာ သတိလစ် မေ့မြောသွားလေတော့သည်။

ချိုချိုက အမှုမထားချေ။

အစောင့်ကို ခွကျော်ကာ အတွင်းဘက်ဝင်သွားပြီး....



'သမားတော်ကြီး....သမားတော်ကြီး'

ဟု အော်ခေါ်လိုက်လေသည်။

သူမ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မှရှေးမနှောင်းမှာပင်....

'ဘယ်သူလဲ'

သမားတော်ဝမ်း(ဝါ)ဝမ်းဟုတ်က အတွင်းဘက်မှ ထွက်လာလေသည်။

ချိုချိုနှင့် သတိလစ်နေသောသူဝေကိုမြင်လျှင် မျက်မှောင်ကြုတ်သွား၏။

'မင်းတို့ ဘယ်သူတွေလဲ၊ ဘာလာလုပ်ကြတာလဲ'

ဟု အလိုမကျသော လေသံဖြင့် မေးလာလေသည်။

ချိုချိုက....

'ဒီမှာ ဒဏ်ရာရထားတဲ့လူ တစ်ယောက်လုံးပါလာတာ ရှင်မမြင်ဘူးလား၊ ရှင်မျက်လုံးကန်းနေသလား'

ဟု ငေါက်လိုက်လေသည်။

ဝမ်းဟုတ်က....

'အဲဒါ ဘာဖြစ်သလဲ'

'ဘာပြောတယ်'

'မင်းတို့က ငါ့အိမ်ထဲကို ရှိုင်းရှိုင်းစိုင်းစိုင်း ကျူးကျော်ဝင်ရောက်လာကြတယ်၊ ခုချက်ချင်း ထွက်သွားကြစမ်း'

ဟု မောင်းထုတ်လိုက်လေသည်။

ချိချိက....

ဆေးကုဖို့လာတာရှင့် ဘာကြောင့် ထွက်သွားရမှာလဲ'

ဟု ပြန်အော်လိုက်သည်။

ဝမ်းဟုတ်သည် မျက်ထောင့်နီကြီးဖြင့် ကြည့်နေသော ချိချိကို အနည်းငယ်လန့်သွားလေသည်။

ထို့ကြောင့်....

'မင်းတို့ဆေးကုဖို့လာတယ်ဆိုတော့ ငွေကောပါရဲ့လား'

ဟု မေးလိုက်သည်။

ချိချိက....



'ရှင်ဘယ်လောက် လိုချင်သလဲ၊ ရှင်လိုချင်သလောက် ပေးမယ်'

ငွေသံကြားလိုက်သဖြင့် ဝမ်းဟုတ်ကျေနပ်သွားလေသည်။

'ကောင်းပြီ၊ ကျုပ်နောက်လိုက်ခဲ့'

ဟု ပြောကာ အတွင်းဘက်အခန်းတစ်ခုသို့ ခေါ်ဆောင်သွားလေသည်။

ချိချိလည်း လိုက်သွားလေသည်။

ဝမ်းဟုတ်သည် အခန်းတွင်းရှိ ခုတင်တစ်လုံးကို ညွှန်ပြကာ....

'လူနာကို ခုတင်ပေါ် တင်ထားလိုက်ပါ'

ဟု ပြောလိုက်သည်။

ချိချိက သုဝေအားခုတင်ပေါ်ချထားကာ သက်သောင့်သက်သာ ဖြစ်အောင် ပြုလုပ်ပေးလိုက်လေသည်။

ဝမ်းဟုတ်သည် သုဝေအား စမ်းသပ်ကြည့်လိုက်၏။

သုဝေ၏ တစ်ကိုယ်လုံး သွေးခြင်းခြင်းနီရဲနေသည်။

ဓားဒဏ်ရာများဖြစ်သော်လည်း အက်အန္တရာယ်ထိခိုက်နိုင်ခြင်း မရှိကြောင်း နားလည်ထားလေသည်။

ဝမ်းဟုတ်သည် သုဝေကို စစ်ဆေးကြည့်ရင်း မှတ်မိသွားပြီး....

'လက်စသတ်တော့ သူကိုး'

ဟု ရေရွတ်လိုက်လေသည်။

ချီချီက....

'သူက ဘာဖြစ်သလဲ'

ဟု မေးလိုက်သည်။

ဝမ်းဟုတ်က....

'သူဟာ မေတ္တာဂေဟာက လူတစ်ယောက်ပဲ၊ မရှူးဘဲနဲ့ ရှူးချင်ဟန် ဆောင်နေတဲ့လူပေါ့'

ဟု ပြောလေသည်။

ချီချီ ဒေါပွသွားလေသည်။



'ဘာပြောတယ်၊ သူဟာ အကြောင်းတစ်စုံတစ်ခု ရှိနေလို့သာ ခုလိုဒဏ်ရာတွေရခဲ့တာပေါ့၊ သူသာအကြောင်းမရှိဘူးဆိုရင်ဒဏ်ရာရဖို့ဆိုတာ ဝေးပါသေးတယ်'

ဝမ်းဟုတ်က....

'ဒါတွေ ကျုပ်မသိဘူး၊ ကျုပ်သိတာက သူ့ကိုဆေးကုပေးရမယ်ဆိုရင် ကျုပ်ကို ငွေတစ်သောင်းပေးရမယ်'

ချီချီက....

'တစ်သောင်းမဟုတ်ဘူး၊ နှစ်သောင်းပေးမယ်၊ မြန်မြန်ကု'

ဟု ငေါက်လိုက်ပြန်သည်။

ဝမ်းဟုတ်သည် ချီချီအား ဘယ်လိုဖြစ်တာလဲ ဟူသောသဘောဖြင့် တစ်ချက်စောင်းငဲ့ကြည့်လိုက်ပြီးနောက် ဆေးကုရန် စတင်စိုင်းပြင်းလိုက်လေတော့သည်။

* * *

တစ်ရက်။

နှစ်ရက်။

သုံးရက်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

ဝမ်းဟုတ်သည် ငွေမက်သူဖြစ်သော်လည်း ဆေးပညာ အလွန်တော်သူ ဖြစ်ပါသည်။

အထူးဂရုစိုက်ပြီး ကုသပေးလိုက်သောအခါ သုဝေမှာ ဒဏ်ရာများ သက်သာသွားလေတော့သည်။

ဝမ်းဟုတ်၏ဆေးသည် အနာကျက် မြန်စေသည့်အတွက် စိုးရိမ်စရာအကြောင်းမရှိတော့ချေ။

သို့သော်...

ဝမ်းဟုတ်သည် အပင်ပန်းခံကာ ကုသပေးရသည်ဟု ထင်မှတ်စေလိုက်သဖြင့် အချိန်ဆွဲပြီး ကုပေး၏။

သူ၏ အိမ်ဂေဟာမှာပင် နေစေသည်။

ချီချီက ရိပ်မိသော်လည်း ဘာမှမပြောချေ။



သုဝေအား အနီးကပ်ပြုစုပေးနေရခြင်းကို သူမ သဘောကျမိသည် မဟုတ်ပါလား။

သုဝေ နေကောင်းသွားပြီဆိုပါလျှင် အချိန်မရွေး ထွက်သွားလိမ့်မည် ဖြစ်လေသည်။

သူမအား လမ်းခွဲသွားမည်မှာ သေချာလှသည်။

သို့ဖြင့်...

သမားတော်ဝမ်းဟုတ်၏ အိမ်ဂေဟာတွင် သောင်တင်နေခဲ့ကြလေတော့သည်။

* * *

တစ်နေ့...

ရာသီဥတု ကြည်လင်သာယာသောနေ့ ဖြစ်လေသည်။

သုဝေ၏ ဒဏ်ရာများကျက်သွားပြီဖြစ်သည်။

မကြာမီ လုံးဝသက်သာ ပျောက်ကင်း သွားတော့မည် ဖြစ်လေသည်။

သုဝေက အခန်းထဲ၌ မနေလိုတော့သဖြင့် အပြင်ထွက်ရန် စိတ်ကူးမိလေသည်။

နေ့လည်ခင်းအချိန်ဖြစ်၍ သုဝေ အေးအေးဆေးဆေး အိပ်စက်အနားယူနိုင်ရန် သမားတော်ကြီး ဝမ်းဟုတ်ကော ချီချီပါ ရှောင်ပေးကြ၏။

သို့သော်....

သုဝေ အိပ်မပျော်နိုင်ပါ။

ခုတင်ပေါ်မှဆင်းကာ ပြတင်းပေါက်အနီးသို့ ချဉ်းကပ် သွားပြီး အပြင်ဘက် လှမ်းမျှော်ကြည့်လိုက်လေသည်။

ဝမ်းဟုတ်၏ အိမ်ဂေဟာ၏ဝဲဘက်တွင် ပန်းဥယျာဉ်တစ်ခု ရှိလေသည်။

ပန်းဥယျာဉ်အတွင်း၌ ရောင်စုံပန်းများ ငွားငွားစွင့်စွင့် ပွင့်နေ၏။

ကျေးငှက် သရကာလေးများလည်း မြူးတူး ပျော်ပါး နေ၏။



သုဝေသည် ငေးမောကြည့်ရင်း သက်ပြင်းချလိုက်လေ သည်။

ပန်းဥယျာဉ်မှာသာယာလှပသည်မှန်သော်လည်း သုဝေ၏ ရင်ထဲ သာယာပျော်ရွှင်မှုမခံစားရပါ။

ထုံးစံအတိုင်း ကြေးစားတစ်ယောက်ပီပီ ခံစားချက် ကင်းမဲ့၍နေလေသည်။

သာမန်အချိန်တွင် ကြေးစားတစ်ယောက်၏ စိတ်ထား အတိုင်း ပုံမှန်ရှိနေပြီး ဦးခေါင်းများ မူးနောက်ရီဝေကာ ထူးဆန်းစွာ ဖောက်ပြန်လာချိန်တွင် သိုင်းစွမ်းအားများ ပျောက်ကွယ်ပြီး အလှအပများကို ခံစားတတ်သောစိတ်များ တေးကဗျာ ရေးစပ်သီဆိုလိုသောစိတ်များ ဖြစ်ပေါ်လာတတ် လေသည်။

သုဝေသည် အတန်ကြာ ငေးမှောကြည့်ပြီးလျှင် တံခါး ဖွင့်ကာ အခန်းအပြင် ဘက်ထွက်ခဲ့လေသည်။

ဝမ်းဟုတ်၏ အိမ်ဂေဟာမှာ ကြီးမားကျယ်ဝန်းလှပေ သည်။

တစ်အိမ်လုံး တိတ်ဆိတ်နေပြီး လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရချေ။

သုဝေက ယိုဟိုသည်သည်ကြည့်ရင်း လျှောက်သွားရာ ကျယ်ဝန်းလှသော ညှော်ခန်းအတွင်းသို့ ရောက်ရှိသွားလေသည်။

သုဝေက အခန်းတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် နံရံများပေါ်တွင် ချိတ်ဆွဲထားသော ပန်းချီကားချပ်များ အစီအရီ ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျေးငှက်တိရစ္ဆာန်ပုံများ၊ ငါးပုံများ၊ သဘာဝရှုခင်းပုံများ စသည်စသည်ဖြင့် လက်ရာမြောက်စွာရေးဆွဲထားသော ပန်းချီကားများ ဖြစ်လေသည်။

သုဝေသည် ပန်းချီကားများကိုကြည့်ရင်း ဦးခေါင်းထဲ မူးဝေသလိုဖြစ်လာလေသည်။

ထို့နောက်....

ပန်းချီကားတစ်ချပ်ရှေ့သို့ ရောက်သွားပြီး ခြေလှမ်းရပ်သွား၏။

ထိုပန်းချီကားမှာ သာယာလှပသော ရှုမျှော်ခင်းများ ရေးဆွဲထားသည့် ပန်းချီကား ဖြစ်လေသည်။

ရေတံခွန်အောက်ဘက်၌ စမ်းချောင်းလေးတစ်ခုက စီးဆင်းသွား၏။



စမ်းချောင်းဘေး၌ တောအုပ်တစ်ခု ရှိနေသည်။

လက်ရာမြောက်လှသဖြင့် တကယ့်သက်ရှိ မြင်ကွင်းတစ်ခုနှင့် တူနေပါသည်။

စမ်းချောင်းထဲမှရေများသည် ပန်းချီကားအပြင်ဘက်သို့တိုင် စီးကျလာတော့မည်ဟု ထင်ရလေသည်။

သုဝေသည် ထိုပန်းချီကားကို တစ်ရှိုက်မက်မက် ကြည့်နေမိလေတော့သည်။

အချိန်မည်မျှ ကြာသွားမှန်းမသိ။

'အဟမ်း'

ချောင်းဟန့်သံ ထွက်ပေါ်လာတော့မှ သုဝေ သတိဝင်လာလေသည်။

လှည့်ကြည့်လိုက်သောအခါ အနောက်ဘက်၌ ဝမ်းဟုတ် ရှိနေသည်ကို တွေ့ရလေသည်။

သုဝေက ဝမ်းဟုတ်ကို ခပ်စိန်းစိန်းကြည့်လိုက်လေသည်။

ဝမ်းဟုတ်သည် သုဝေ၏ အကြည့်ကြောင့် အဆိပ်ပြင်းလှသည့် မြွေတစ်ကောင်အား တွေ့မြင်လိုက်ရသည့်အလား ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။

'မင်းက ပန်းချီကားတွေကို ဝါသနာပါတယ် ဟုတ်လား'

ဟုလည်း စကားရှာပြီး ပြောလိုက်လေသည်။

သုဝေ ခေါင်းခါယမ်းလိုက်သည်။

'ဟင့်အင်း'

ဝမ်းဟုတ်က....

'ဝါသနာမပါဘူး'

'ဟုတ်တယ်'

ဝမ်းဟုတ်က အရှက်ပြေရယ်မောလိုက်ပြီး....

'ဟဲ....ဟဲ....မသိပါဘူး၊ ပန်းချီကားတွေကို ကြည့်နေတယ်ဆိုတော့ မင်းများ စိတ်ဝင်စားသွားသလားလို့ပါ'

သုဝေက....

'ကျုပ်က ပန်းချီပညာကို ဝါသနာပါတာ မဟုတ်ဘူး၊ ပန်းချီကားတွေကို ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ဘူး၊ အခု ကျုပ် ကြည့်နေတာ ပန်းချီကားထဲက ရှုခင်းဗျ'



ဝမ်းဟုတ်က....

'ရှုခင်း'

'ဟုတ်တယ်၊ အဲဒီရေတံခွန်နဲ့ ရှုခင်းကို ကျုပ် စိတ်ဝင်စားတယ်'

ဝမ်းဟုတ်က....

'ဒီလို ရှုမျှော်ခင်း ရေးဆွဲထားတဲ့ ပန်းချီကားတွေ အများကြီးရှိတာပဲ'

သုဝေက....

'မဟုတ်ဘူး၊ ကျုပ်က ဒီရှုခင်းကိုပဲ စိတ်ဝင်စားတယ်'

'ဩော်'

'ဒီရှုခင်းကို စိတ်ကူးယဉ်ပြီး ရေးဆွဲထားလား၊ ဒါမှမဟုတ် အပြင်မှာရှိလို့ ကြည့်ပြီး ရေးဆွဲတာလား'

ဝမ်းဟုတ်က...

'ကျုပ်လဲ မသိဘူး'

'ခင်ဗျား မသိဘူး'

'ဟုတ်တယ်လေ၊ ကျုပ် ဘယ်လိုလုပ်သိနိုင်မှာလဲ'

သုဝေ သက်ပြင်းချလိုက်လေသည်။

ထိုစဉ်....

'သုဝေ....'

ချိချို၏ခေါ်သံ ထွက်ပေါ်လာလေသည်။

ချိချိုရောက်လာသည်ကို တွေ့လိုက်ရလေသည်။

သုဝေက....

'ချိချို....ကျုပ်တို့ သွားကြစို့'

ဟု ပြောလိုက်လေသည်။

ချိချိုက....

'ရှင့်ရဲ့ဓာတ်ရာတွေ....'

သုဝေက....

'အရေးမကြီးဘူး၊ သွားစို့'



ချိချိုက ဘာမှ မပြောတော့ပါ။

သမားတော် ဝမ်းဟုတ်အတွက် ငွေထုတ်ပေးလိုက်သည်။

ထို့နောက် သုဝေနှင့်အတူ ထွက်လာခဲ့လေသည်။

* * *

သုဝေက ရှေ့မှ လှမ်းသွား၏။

ချိချိုက မသိမသာ နောက်ချန်ကာ လိုက်သွားလေသည်။

သူမသည် သုဝေအား မျက်ခြည်မပြတ် အကဲခတ်နေသဖြင့် ထူးခြားမှုရှိနေကြောင်း သဘောပေါက်မိလေသည်။

သုဝေသည် ရှင်ရှင်လန်းလန်း မရှိဘဲ ငေးငိုင်နေသည်။

တစ်စုံတစ်ခုကို တွေးတောစဉ်းစားနေဟန် ရှိသည်။

ချိချို မနေနိုင်တော့ဘဲ....

'သုဝေ....ရှင်ဘာဖြစ်နေတာလဲ'

ဟု မေးလိုက်လေသည်။

သုဝေ ခြေလှမ်းရပ်သွားသည်။

ချိုချိုကို လှည့်ကြည့်လိုက်ပြီး....

'ကျုပ် စဉ်းစားနေတာ'

'စဉ်းစားနေတာ၊ ဒါတော့ ကျွန်မသိတာပေါ့'

သုဝေ ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး၊ ကျုပ်စဉ်းစားနေတာက တစ်မျိုး'

'နေစမ်းပါဦး၊ ရှင်က ဘာတွေစဉ်းစားနေတာလဲ'

'ကျုပ်က ပန်းချီကားအကြောင်း စဉ်းစားနေတာ'

ချိုချိုက....

'ပန်းချီကား....'

'ဟုတ်တယ်၊ သမားတော် ဝမ်းဟုတ်ရဲ့ ဧည့်ခန်းထဲမှာ တွေ့ခဲ့ရတဲ့ ပန်းချီကားအကြောင်း စဉ်းစားနေတာ'



ချိုချိုက....

'ပန်းချီကားတွေက အများကြီးပဲ၊ ရှင်က ဘယ်ပန်းချီကားကို ပြောတာလဲ'

သုဝေက...

'ရေတံခွန်ငှီးကျနေတဲ့ ပန်းချီကားကို ပြောတာ'

ချိုချိုက....

'ဘာလဲ....ရှင်လိုချင်လို့လား'

သုဝေက....

'လိုချင်လို့ မဟုတ်ဘူး'

'ဒါဖြင့်....'

'ကျုပ်က အဲဒီရှုမျှော်ခင်းကို တွေ့ဖူးမြင်ဖူးနေသလို ခံစားရတယ်'

'ရှင်....'

ချိုချို ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

သုဝေက....

'အဲဒီရေတံခွန်ကြီး အနားကို ကျုပ် ရောက်ခဲ့ဖူးတယ်လို့ ထင်မိတယ်'

ချီချီက....

'ရှင် ဘာတွေပြောနေတာလဲ'

သုဝေက ချီချီကိုစိုက်ကြည့်လိုက်လေသည်။

ချီချီက....

'ကျွန်မက ရှင့်အတွက် စိုးရိမ်နေတယ်ရှင့်'

ဟု ပြောကာ ခေါင်းငုံ့ထားလိုက်လေသည်။

သုဝေ သက်ပြင်းချလိုက်သည်။

'ကျုပ်လဲ ကိုယ့်ကိုယ်ကို စိုးရိမ်နေမိတယ်'

ချီချီ ဆတ်ခနဲ ခေါင်းထောင်လာလေသည်။

သုဝေကို မျက်လုံးပြူး၍ ကြည့်ကာ....

'ရှင် ဘယ်လို ပြောလိုက်တာလဲ'



ဟု ပြောလိုက်လေသည်။

သုဝေက....

'ကျုပ်က တစ်ခုခုဖြစ်နေပြီ ထင်မိတယ်'

ချီချီ ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မ ဘာမှနားမလည်နိုင်တော့ဘူး'

သုဝေက....

'အစကတော့ ကျုပ်လဲ ဘာပြောရမှန်းမသိဘူး၊ ချူရှင်းဝူတို့လူစုနဲ့တွေ့ပြီးမှ ကျုပ် တစ်ခုခုဖြစ်နေပြီဆိုတာကို ရိပ်မိလိုက်တယ်'

ချီချီက....

'ကျွန်မတို့သာ အရောက်နောက်ကျရင် ရှင်သေသွားမှာပဲ'

သုဝေက....

'ဟုတ်တယ်၊ ချူရှင်းဝူကသူ့ရဲ့ညီအတွက် ကျုပ်ကိုအငြိုးထားနေတာပဲ'

ချီချီက....

'ရှင့်ကိုယ်ရှင် တစ်ခုခုဖြစ်နေပြီလို့ ထင်နေတယ်ဆိုရင်လဲ ဘယ်လိုဖြစ်တယ်ဆိုတာ ပြောပြပါလား ရှင်'

ဟု မေးလေသည်။

သူဝေက သက်ပြင်းချလိုက်ပြီး....

'ကျုပ်ဟာ ကြေးစားတစ်ယောက်ပါ၊ ထိခိုက်ဒဏ်ရာရခဲ့ဖူးတာ ရှိပေမယ့် ဘယ်လိုရောဂါ ဝေဒနာမျိုးမှ မခံစားခဲ့ရပါဘူး၊ ဒါပေမယ့် မကြာသေးခင်က ထူးထူးခြားခြား မယုံနိုင်စရာ ကောင်းလောက်အောင် ဝေဒနာဆန်းတစ်ခုကို ခံစားခဲ့ရတယ်'

ချီချီက သူ့အား ငေးကြည့်နေလေသည်။

သူဝေက ဆက်ပြောလိုက်လေသည်။

'ကျုပ် ခံစားနေရတာကို ဘယ်လိုဝေဒနာလဲလို့ ပြောရမှန်းတောင် မသိတော့ဘူး'

ချီချီက....

'ရှင်ခံစားနေရတဲ့ ဝေဒနာဟာ အတော့်ကို ကြောက်စရာ ကောင်းနေမယ်ဆိုတာ သေချာတယ်'

ဟု မှတ်ချက်ချလိုက်လေသည်။



သူဝေ မချိပြုံးပြုံးလိုက်သည်။

'ဟုတ်တယ်၊ ကျုပ်ဟာ အကောင်းပကတိကနေပြီး ဦးခေါင်းထဲ မူးဝေလာတယ်၊ အားအင်တွေ ကုန်ခန်းသလိုဖြစ်သွားတယ်၊ သိုင်းအားပျောက်ကွယ်သွားတယ်၊ ကျုပ်ကကြေးစားဘဝကနေပြီး အသုံးမကျတဲ့ စာပေသမားတစ်ယောက်လို ဖြစ်သွားတယ်၊ မကောင်းတဲ့ဝိညာဉ် တစ်ခုခုက ကျုပ်ရဲ့ခန္ဓာကိုယ်မှာလာပြီး ပူးကပ်နေသလို ခံစားရတယ်၊ ကျုပ်ကိုယ်ကျုပ်မပိုင်တော့ဘူး၊ မှန်းဆမရနိုင်တဲ့အင်အားတစ်ရပ်က ထင်သလိုလုပ်တာကို ခံနေရတယ်၊ ခက်တာက အဲဒီလိုဖြစ်ရတာကို ကျုပ်ရဲ့ခန္ဓာကိုယ်ကရော ကျုပ်ရဲ့စိတ်ထဲကရော ကျေနပ် သာယာနေမိတယ်'

ချီချီက....

'ဒါဆို ရှင့်ကို မကောင်းဆိုးဝါး ပူးကပ်နေတာပဲ ဖြစ်ရမယ်'

ဟု ပြောလိုက်လေသည်။

'ဟား....ဟား....ဟား'

သူဝေက ရယ်မောလိုက်လေသည်။

ချီချီက....

'ရှင် ဘာရယ်တာလဲ'

'မင်းရဲ့စကားကို သဘောကျလို့ပေါ့'

'ကျွန်မက အကောင်းပြောတာရှင့်'

'ဟုတ်ပါတယ်၊ ဒါပေမယ့် မင်းထင်သလိုတော့ မဟုတ်သေးပါဘူး'

ချိုချိုက....

'ဒါထက် ရှင်ခံစားနေရတဲ့ ဝေဒနာနဲ့ ဝမ်းဟုတ်ရဲ့ အိမ်ထဲက ပန်းချီကား ဘယ်လိုပတ်သက်နေသလဲဆိုတာ ပြောစမ်းပါဦး'

ဟု မေးလာလေသည်။

သူဝေက....

'ဟုတ်တယ်၊ ကျုပ်ဟာလူတစ်ကိုယ်စိတ်နှစ်မျိုးဖြစ်နေတယ်၊ ကြေးစား သူဝေဘဝမှာ ကဗျာလင်္ကာတွေ၊ ပန်းချီကားတွေနဲ့ မဆိုင်ဘူး၊ နောက်ထပ် ခံစားနေရတဲ့ဘဝမှာတော့ ဝမ်းဟုတ်ရဲ့ အိမ်က ပန်းချီကားထဲမှာပါတဲ့ နေရာကိုရောက်ဖူး သိဖူးသလိုပဲ'

ချိုချို လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။



'အဲဒီပန်းချီကားဟာ ရှင့်နဲ့ပတ်သက်နေတယ်ပေါ့'

'ဟုတ်တယ်'

'ရှင့်သဘောက'

'ဒီပန်းချီကားဟာ စိတ်ကူးယဉ်ပြီး ရေးဆွဲတာလား၊ ဒါမှမဟုတ် အပြင်မှာတကယ်ရှိတဲ့ ရှုမျှော်ခင်းတစ်ခုကိုကြည့်ပြီး ပုံတူရေးဆွဲတာလားဆိုတာ ကျုပ်သိချင်တယ်'

ချိုချိုက....

'ဒါလွယ်ပါတယ်'

သူဝေက....

'မလွယ်ဘူး၊ ဝမ်းဟုတ်က ဘာမှမသိဘူး'

ချိုချို ရယ်မောလိုက်သည်။

'ဝမ်းဟုတ်မသိပေမယ့် ပန်းချီကားရေးဆွဲတဲ့လူတော့ သိချင်သိမှာပဲ မဟုတ်လားရှင်'

'ဟာ...ဟုတ်သားပဲ'

သူဝေက နဖူးကို ဖြန်းခနဲမြည်အောင် လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ချိုချိုက....

'ရှင် ဘာဖြစ်တာလဲ'

သူဝေက....

'ခြော်...ကျုပ်မတွေးမိတာကို မင်းတွေးမိလို့ပါ'

ချိုချို ကျေနပ်သွားသည်။

'ရှင်တစ်ယောက်တည်း အရာရာကို သိနေမယ်လို့ မထင်နဲ့လေ၊ လူဆိုတာ သူ့နေရာနဲ့သူအသုံးဝင်တာပဲ မဟုတ်လား'

သူဝေက ချိုချိုအား ရွှန်းရွှန်းစားစား ကြည့်လိုက်ပြီး—

'သွားစို့'

ဟု ပြောကာ ချာခနဲလှည့်ပြီး ပြေးထွက်သွားလေသည်။

ချိုချိုလည်း ပြေးလွှား လိုက်ပါသွားလေတော့သည်။

* * *



သမားတော် ဝမ်းဟုတ်....

ဝမ်းဟုတ်သည် ငွေအသပြာ နှစ်သောင်းကို ကောက်ရလိုက်သည်ဟုပင် ခံစားနေရလေသည်။

သူဝေရထားသော ဒဏ်ရာမျိုးကို အခြားလူတစ်ယောက်သာ ဖြစ်ပါက ဆေးကုခငွေတစ်ထောင်ထက်ပိုရနိုင်မည်မဟုတ်ဟု သိထားလေသည်။

ဝမ်းဟုတ်သည် ငွေလွှဲလက်မှတ်များကိုကိုင်ကာ ပွတ်သပ်ကြည့်နေစဉ် ခြေသံများကျယ်လောင်စွာ ထွက်ပေါ်လာပြီး လူနှစ်ယောက် ဝင်ရောက်လာကြသည်ကို တွေ့ရလေသည်။

သူဝေနှင့် ချိုချိုတို့ ပြန်လည် ရောက်ရှိလာကြခြင်းဖြစ်ပေတော့သည်။

ဝမ်းဟုတ် မျက်လုံးပြူးသွားလေသည်။

'မင်း....မင်းတို့'

သူ၏ငွေကို ပြန်လည်လုယူလိမ့်မည်ဟု ထင်မိလေသည်။

သို့သော်....

'ကျုပ်က ပန်းချီကားအတွက် လာခဲ့တာ'

ဟု ပြောလိုက်သည်။

ဝမ်းဟုတ် အံ့သြသွားလေသည်။

'ပန်းချီကား ဟုတ်လား'

'ဟုတ်တယ်'

'နေပါဦး၊ မင်း ဘာပြောတာလဲ၊ ကျုပ်နားမလည်ပါသွား'

သုဝေက ဝမ်းဟုတ်ကို စိုက်ကြည့်လိုက်၏။

ထို့နောက် ဘာမှမပြောတော့ဘဲ ညှော့ခန်းတွင်းသို့ ဝင်သွား၏။

ချီချီကလည်း လိုက်သွားလေသည်။

'ဟော့....ဟော့....ဒါက ဘယ်လဲ'

ဝမ်းဟုတ်က ဒရောသောပါး ပြေးလိုက်သွားလေသည်။

သုံးယောက်သား ညှော့ခန်းထဲသို့ ရောက်ရှိသွားကြလေသည်။

သုဝေက ဧရတံခွန်စီးကျနေသော ပန်းချီကားရှေ့တွင် ရပ်ကာ....



'ဒီပန်းချီကားပဲ'

ဟု ပြောလိုက်၏။

ချီချီက ခြေသွက်လက်သွက် ဖြုတ်ယူလိုက်လေသည်။

'ဟော့....ဟော့၊ ဒါဘာလုပ်တာလဲ'

ဝမ်းဟုတ်က အော်လိုက်သည်။

သို့သော်....

ချီချီ၏လက်ထဲ ရောက်ရှိနေပြီဖြစ်သော ပန်းချီကားကို လုမယူရဲပါချေ။

ချီချီသည် ပန်းချီကားဘောင်ကို ဖြုတ်လိုက်သည်။

ပန်းချီကားကို လိပ်လိုက်ပြီး....

'သွားစို့'

ဟု သုဝေကို ပြောလိုက်လေသည်။

သုဝေက....

'နေဦး'

ဟု ဟန့်တားကာ ဝမ်းဟုတ်ကိုကြည့်လိုက်ပြီး....

'ဒီပန်းချီကားကို ခင်ဗျားဘယ်က ရတာလဲ'

ဟု မေးလိုက်သည်။

ဝမ်းဟုတ်က....

'ကျုပ်က သဘောကျလို့ ဝယ်လာတာပါဗျာ၊ ငွေနှစ်ထောင် ပေးရပါတယ်'

သုဝေက....

'ဘယ်က ဝယ်လာတာလဲ'

'ကျင်းရှမ်းမြို့ကပါ'

'ပန်းချီဆွဲတဲ့ လူကရောင်းတာပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်၊ ကျင်းရှမ်းမြို့မှာ စန်းမင်းဆိုတဲ့ ပန်းချီဆရာတစ်ယောက် ရှိပါတယ်၊ သူက ပန်းချီကားတွေ ရေးဆွဲပြီး ရောင်းချလေ့ရှိပါတယ်၊ ကျုပ်လဲ သဘောကျလို့ သူ့ဆီက ဝယ်လာတာပါ'

ချီချီက....

'ရော့...ငွေနှစ်ထောင်၊ ဒီပန်းချီကားကို ကျွန်မတို့ ယူသွားမယ်'



ငွေနှစ်ထောင်ထုတ်ကာ ဝမ်းဟုတ်ကို ပေးလိုက်လေသည်။

ထို့နောက်...

'သွားစို့'

သုဝေ၏လက်ကိုဆွဲကာ ထွက်သွားလေသည်။

ယခုတစ်ကြိမ်....

သုဝေသည် ငြင်းဆန်ခြင်းမပြုတော့ဘဲ လိုက်ပါသွား၏။ ဝမ်းဟုတ်ကား ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့လေတော့သည်။

* * *

## ဝေဒနာ၏ခြေရာ

ကျင်းရှမ်းမြို့....

သုဝေနှင့်ချိုချိုတို့သည် ကျင်းရှမ်းမြို့သို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

သူတို့သည် စန်းမင်းဆိုသည့် ပန်းချီဆရာအကြောင်း စုံစမ်း လိုက်ကြလေသည်။

စန်းမင်းသည် ကျင်းရှမ်းမြို့တွင် လူတိုင်းသိနေသော ပန်းချီဆရာဖြစ်၍ သုဝေတို့ဝမ်းသာသွားကြလေသည်။

ပန်းချီဆရာ စန်းမင်း၏အိမ်သို့ စုံစမ်းကာ အရောက်သွား နိုင်ခဲ့ကြ၏။



စန်းမင်းက အိမ်တွင်ရှိနေသည်နှင့် ကြုံရသဖြင့် အခန့်သင့် သွားလေတော့သည်။

စန်းမင်းသည် ခန္ဓာကိုယ်ပိန်ပိန်ပါးပါး မုတ်ဆိတ်ကျင် စွယ်များရှိသူ ဖြစ်လေသည်။

အရက်သောက်တတ်သူလည်း ဖြစ်လေသည်။

ဖြစ်သလိုနေ ဖြစ်သလိုစား ဖြစ်သလိုအိပ်တတ်သူ ဖြစ် ကြောင်းလည်း ပေါ်လွင်နေ၏။

သုဝေက....

'ခင်ဗျားက ပန်းချီဆရာ စန်းမင်းဟုတ်လား'

ဟု မေးလိုက်သည်။

စန်းမင်းက....

'ဟုတ်ပါတယ်ဗျာ၊ မိတ်ဆွေတို့က ပန်းချီကားဝယ်ကြ မလို့လား၊ ခုတလော ကျုပ်က ဘာကိုမှ ခံစားလို့မရတာ ကြောင့် ပန်းချီကားတစ်ချပ်မှ မရေးဖြစ်သေးဘူး၊ ဒါကြောင့် ရောင်းစရာမရှိတာကို ဝမ်းနည်းပါတယ်ဗျာ'

သုဝေ ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်တို့က ပန်းချီကားဝယ်ဖို့လာခဲ့တာ မဟုတ်ပါဘူး'

စန်းမင်း အံ့သြသွားသည်။

'ဒါဖြင့် ဘာကိစ္စများလဲ'

သုဝေက ချိုချိုကိုကြည့်လိုက်လေသည်။

ချိုချိုက ဝမ်းဟုတ်ထဲမှ ယူလာသော ပန်းချီကားကို ထုတ်ပြရင်း....

'ဒီပန်းချီကားကို ရှင် ရေးဆွဲတာ မဟုတ်လား'

ဟု မေးလိုက်လေသည်။

စန်းမင်းသည် ပန်းချီကားကို ကြည့်လိုက်ပြီး သဘောကျစွာ ပြုံးလိုက်လေသည်။

'ဟုတ်ပါတယ်ဗျာ၊ ဒါ ကျုပ်ကိုယ်တိုင် ရေးဆွဲခဲ့တဲ့ ပန်းချီကားပါပဲ'

သုဝေက....

'ခင်ဗျားက ကိုယ့်စိတ်ကူးနဲ့ကိုယ် ရေးဆွဲခဲ့တာလား၊ ဒါမှမဟုတ် တကယ်ရှိတဲ့နေရာကို အရောက်သွားပြီး ပုံတူရေးဆွဲခဲ့တာလား'



ဟု မေးလိုက်လေသည်။

စန်းမင်းက....

'ကျုပ်က ပုံတူရေးဆွဲခဲ့တာပါ'

ထိုစကားကိုကြားလျှင် သုဝေနှင့်ချိုချိုတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

သုဝေက....

'ဒီရေတံခွန်ဟာ အပြင်မှာ တကယ်ရှိတာပေါ့'

စန်းမင်းက....

'ရှိပါတယ်'

သုဝေက....

'ဒါဖြင့် ဘယ်နေရာမှာ ရှိတယ်ဆိုတာ ပြောပြပါလား'

စန်းမင်းက....

'လက်စသတ်တော့ မိတ်ဆွေတို့က ရေတံခွန်ကြီးကို စိတ်ဝင်စား နေကြတာကိုး'

သုဝေက....

'ဟုတ်ပါတယ်ဗျာ'

စန်းမင်းက....

'ဒီရေတံခွန်ဟာ ကျိုက်ယွမ်ပြည်နယ်မှာ ရှိပါတယ်၊ သက်တန့်ရေတံခွန်လို့ခေါ်ပါတယ်၊ ဖြာကျနေတဲ့ရေမှုန်ရေမွှားလေးတွေကနေပြီး သက်တန့်ရောင်တွေ ထွက်နေတာကို တွေ့တယ်မဟုတ်လား၊ ကျိုက်ယွမ်နယ်ကိုရောက်ရင် ဘယ်သူ့ကိုမေးမေး မေးလို့ ရပါတယ်'

သုဝေနှင့်ချိုချိုတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ထို့နောက်....

'ခုလို ပြောပြတာ ကျေးဇူးပါပဲဗျာ'

ဟု နှုတ်ဆက်ကာ စန်းမင်း၏ အိမ်မှ ထွက်လာခဲ့ကြလေသည်။

ယခု....

ပန်းချီကားနှင့် ပတ်သက်ပြီး သဲလွန်စရလိုက်ပြီ ဖြစ်သည်။



သုဝေသည် ကျိုက်ယွမ်ပြည်နယ်သို့သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

*   *   *

## သခင်လေး

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေ၏။

မြင်းလှည်းတစ်စီးသည် မြေနီလမ်းအတိုင်း မောင်းနှင်နေ၏။

မြေနီလမ်းအဆုံးတွင် ခြံဝင်းတစ်ခုရှိသည်။

ခြံဝင်းရှေ့သို့ရောက်ရှိသွားလျှင်....

'ဟေး....ဟေး'



မြင်းလှည်းသမားက မြင်းများကို အော်ငေါက်ကာ ရပ်တန့်လိုက်လေသည်။

မြင်းလှည်းရပ်တန့်သွားသည်နှင့် တံခါးပွင့်သွားပြီး လူနှစ်ယောက်ဆင်းလာကြလေသည်။

ထိုလူနှစ်ယောက်မှာ ဖုန်းစုရဲနှင့် လုယိတို့ဖြစ်ကြလေသည်။

လုယိက ဟိုဟိုသည်သည် ကြည့်လိုက်သည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

ခြံဝင်းကျယ်ကြီးအတွင်း၌ လှပခန့်ညားသော အဆောက်အအုံ တစ်ခုရှိနေသည်ကို တွေ့ရလေသည်။

လုယိ ငေးမောကြည့်နေစဉ်မှာပင်....

'ဒါ ကျွန်တော့်အိမ်ကလေး'

ဖုန်းစုရဲက ပြောလာလေသည်။

လုယိက....

'ဒါ မင်းရဲ့အိမ်ဟုတ်လား'

'ဟုတ်ပါတယ်'

'မင်းက ချမ်းသာတာပဲ'

ဖုန်းစုရဲ့ ရယ်မောလိုက်လေသည်။

'ကျွန်တော့် မိဘတွေချန်ထားခဲ့တဲ့ အမွေအနှစ်ပါဗျာ၊ ကျွန်တော့်မိဘတွေက မက်မန်းခြံတွေ ပိုင်ဆိုင်ခဲ့တယ်လေ၊ ဒါကြောင့် သူတို့ ကွယ်လွန်သွားကြပေမယ့် ကျွန်တော်က အေးအေးနေနိုင်ခဲ့တာပေါ့'

လုယိက....

'မင်းက ဒီမှာ တစ်ယောက်တည်းနေတာ ဟုတ်လား'

ဖုန်းစုရဲက....

'အရင်ကတော့ အိမ်ထိန်းကြီး ဟိုက္ကမ်းရှိပါသေးတယ်၊ သူလဲအသက်ကြီးလာလို့ တောင်ပေါ်ဘုန်းကျောင်းမှာ သွားနေတော့ ကျွန်တော်နဲ့ခွေးလေးတို့နှစ်ယောက်ပဲ ကျန်ခဲ့တော့တာပေါ့'

လုယိက....

'ခွေးလေးဆိုတာ'

ဖုန်းစုရဲက....



'ကျွန်တော် လက်တိုလက်တောင်းခိုင်းတဲ့ကောင်လေးပါ'

'ဪ'

လုယိက ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

ဖုန်းစုရဲက....

'အိမ်ထဲဝင်ရအောင်'

ဟု ပြောကာ လမ်းပြခေါ်ဆောင်သွားလေသည်။

လုယိကလည်း ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် အကဲခတ်ကြည့်ကာ လိုက်သွားလေသည်။

မကြာပါချေ။

နှစ်ယောက်သား ခမ်းနားထည်ဝါသော အဆောက်အအုံကြီးရှေ့သို့ ရောက်ရှိသွားကြလေသည်။

ထိုစဉ်....

'အစ်ကိုလေး ပြန်လာပြီ'

ဝမ်းသာအားရ အော်ပြောသံနှင့်အတူ ကောင်လေးတစ်ယောက် ပြေးထွက်လာလေသည်။

ဖုန်းစုရဲ့က....

'ခွေးလေး ငါပြန်ရောက်လာတာတောင် မသိရအောင် မင်းက ဘာတွေလုပ်နေတာလဲ'

ခွေးလေးဆိုသော ကောင်လေးက....

'ကျွန်တော် ဆန်ပြုတ်ပြုတ်နေလို့ပါ အစ်ကိုလေး'

'ဆန်ပြုတ်'

'ဟုတ်ပါတယ်'

'နေပါဦး....မင်းက ဆန်ပြုတ်သောက်မလို့လား'

'မဟုတ်ပါဘူး၊ ဦးလေးဟိုအတွက်ပါ'

'ဦးလေးဟို'

'ဟုတ်ပါတယ်၊ ဦးလေးဟို နေမကောင်းဖြစ်နေတယ်'

'ဟင်'

ဖုန်းစုရဲ့ လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

'ဦးလေးဟို နေမကောင်းဖြစ်နေတာ အတော် ကြာပြီလား'



ခွေးလေးက....

'လွန်ခဲ့တဲ့ဆယ်ရက်လောက်ကတော့ အတော့်ကို အခြေအနေဆိုးတယ်၊ ဒါပေမယ့် ခုတော့ သက်သာသွားပါပြီ၊ ကျောင်းထိုင်ဆရာတော်ကလဲ ဂရုစိုက်ပါတယ်'

ဖုန်းစုရဲ့က....

'မဖြစ်ဘူး....မဖြစ်ဘူး၊ ဦးလေးဟိုကို ငါသွားကြည့်မယ်'

သူက လူယိကိုကြည့်ကာ....

'ကဲ....နောင်ကြီး၊ ကိုယ့်အိမ်ကိုယ်ယာလိုသဘောထားပြီး လွတ်လွတ်လပ်လပ်နေနိုင်ပါတယ်၊ ဘာမှ အားနာစရာမရှိပါဘူး၊ လိုအပ်တာရှိရင် ခွေးလေးကိုပြောလိုက်ပါ၊ သူ့လုပ်ပေးပါလိမ့်မယ်'

ဟု ပြောလေသည်။

လူယိက....

'ကောင်းပါပြီဗျာ'

ဖုန်းစုရဲ့က....

'ခွေးလေး....ငါ့ရဲ့ဧည့်သည်အတွက် အခန်းတစ်ခန်း ပြင်ဆင်ပေးလိုက်၊ လိုလေသေးမရှိအောင် လုပ်ပေးကြား‌လား'

ခွေးလေးက....

'ကောင်းပါပြီ အစ်ကိုလေး'

ဖုန်းစုရဲသည် လုယိကိုနှုတ်ဆက်ကာ ထွက်သွားလေတော့သည်။

* * *

လုယိသည် ရေမိုးချိုးကိုယ်လက်သန့်စင်ကာ အနားယူလိုက်လေသည်။

ထို့နောက်....

ခွေးလေးချက်ပြုတ် ကျွေးမွေးသည်ကို စားသောက်လိုက်သည်။

သူက ဖုန်းစုရဲနှင့်သိကျွမ်းရသည်မှာ ကံကောင်းသည်ဟု တွေးနေမိလေသည်။



သို့မဟုတ်လျှင်....

ခြေဦးတည့်ရာသို့ သွားနေရတော့မည် မဟုတ်ပါလား။

ကို့ထုံချန်းက သူ့အား တာဝန်ပေးခဲ့သည်။

သူက တာဝန်ကျေပွန်အောင် ထမ်းဆောင်နိုင်ခဲ့ခြင်း မရှိချေ။

သူ့အား မိုးကြယ်ဂိုဏ်းမှ လည်းကောင်း၊ မြောက်ပိုင်းတန်ဆောင်ဂိုဏ်းမှလည်းကောင်း အလိုရှိနေပြီ ဖြစ်သည်။

အထူးသဖြင့်....

မြောက်ပိုင်းတန်ဆောင်ဂိုဏ်းသည် သူတို့၏ လုပ်ရပ်များ မပေါ်ပေါက်ရလေအောင် သူ့အား နှုတ်ပိတ်ပစ်ဖို့ သဲကြီးမဲကြီး ကြိုးစားကြလိမ့်မည် ဖြစ်လေသည်။

ထိုမျှမကသေး။

တာဝန်ကျေအောင် မထမ်းဆောင်နိုင်သဖြင့် ကို့ထုံချန်းကလည်း ကျေနပ်မည်မဟုတ်ပါ။

သူ့အား အပြစ်ဒဏ်ခတ်ဖို့ ကြိုးစားမည်မှာ သေချာလှပေသည်။

သူသည် ကြေးစားဘဝဖြင့် သူတစ်ပါးအား လိုက်လံလုပ်ကြံခဲ့သူ ဖြစ်ပေသည်။

ယခုတော့....

သူ့အား လိုက်လံလုပ်ကြံမည့် သူများ၏လက်မှ လွတ်မြောက်ရလေအောင် ရှောက်တိမ်းနေရပြီ ဖြစ်သည်။

ဝဋ်လည်ပြီဟု ဆိုနိုင်ပါသည်။

ဖုန်းစုရဲနှင့် လိုက်လာပြီးသည့် နောက်ပိုင်းမှ စိုးရိမ်ပူပန်မှုများ အနည်းငယ် လျော့နည်းသွားခဲ့သည်။

ဖုန်းစုရဲထံတွင် ဘေးအန္တရာယ်ကင်းစွာ ခိုလှုံနေနိုင်လိမ့်မည်ဟု ယုံကြည်မိလေသည်။

လုယိသည် ခွေးလေးအား ကြည့်လိုက်ပြီး....

'ဒီအိမ်မှာ မင်းတို့ ဆရာတပည့်နှစ်ယောက်တည်း နေကြတာလား'

ဟု မေးလိုက်လေသည်။

ခွေးလေးက....

'ဟုတ်ပါတယ်ဗျာ'



လုယိက....

'ဦးလေးဟို ဆိုတာက...'

'အိမ်ထိန်းကြီး ဟိုကွမ်းကို ပြောတာပါ ခင်ဗျာ'

'ဩော်'

လုယိက ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး....

'သူက တောင်ပေါ်ဘုံကျောင်းမှာ သွားနေတယ်ဆို'

'ဟုတ်ပါတယ် ခင်ဗျာ၊ ဦးလေးဟိုက တောင်ပေါ်ဘုံကျောင်းမှာ သွားနေတာ တစ်နှစ်ကျော်သွားပါပြီ'

လုယိက....

'မင်းရဲ့အစ်ကိုလေးက စာပေပညာအတော့်ကို ဝါသနာပါတယ်နော်'

ခွေးလေးက....

'ဟုတ်ပါတယ်၊ အစ်ကိုလေးက နေပြည်တော်မှာ ကျင်းပမယ့် စာပြိုင်ပွဲမှာဝင်ပြိုင်ဖို့ ဆုံးဖြတ်ထားပါတယ်'

လုယိက....

'သူ့ရဲ့ မိဘတွေက....'

ခွေးလေးက....

'ကွယ်လွန်သွားကြပါပြီ ခင်ဗျာ၊ သခင်ကြီးတို့ရဲ့ အဖြစ်ဟာ အတော့်ကို ဆိုးရွားခဲ့တယ်လို့သိရပါတယ်'

လုယိ မျက်မှောင်ကြုတ်သွားလေသည်။

ခွေးလေးကို အကဲခတ်ကြည့်ရင်း....

'ဘယ်လို ဆိုးရွားခဲ့တာလဲ၊ ပြောစမ်းပါဦး'

ဟု မေးလိုက်လေသည်။

ခွေးလေးက....

'သခင်ကြီးတို့ ဇနီးမောင်နှံဟာ ခရီးသွားရင်း လူဆိုးဓားပြတွေရဲ့လက်ချက်နဲ့ အသက်ဆုံးရှုံးသွားခဲ့တာပါ'

'ဩော်'

'အစ်ကိုလေးရဲ့အစ်ကိုလဲ မိဘတွေနဲ့အတူ သေဆုံးသွားခဲ့ပါတယ်'

လုယိ နားရှုပ်သွားလေသည်။



'မင်း....ဆိုလိုတာက....'

ခွေးလေးက....

'အစ်ကိုလေးမှာ အမြွှာအစ်ကိုတစ်ယောက် ရှိပါတယ်၊ သူဟာ မိဘတွေနဲ့အတူ လိုက်ပါသွားတာမို့ ဓားပြတွေလက်ချက်နဲ့ သေသွားရလို့ပါ'

လုယိ စိတ်ဝင်စားသွားလေသည်။

'ငါ့ညီ၊ မင်းရဲ့ အစ်ကိုလေးနဲ့ ကျုပ်ဟာ ညီအစ်ကိုလို ချစ်ခင်ကြတဲ့သူတွေပါ၊ ဒါပေမယ့် သူ့အကြောင်းကိုကျုပ်က သေသေချာချာ မသိရသေးတော့ ငါ့ညီပဲ ပြောပြရင်ကောင်းမယ်'

ခွေးလေးသည် ရိုးအသော လူငယ်တစ်ယောက် ဖြစ်လေသည်။

လုယိ၏ စကားရှေ့နောက် မညီသည်ကို မရိပ်မိဘဲ....

'ဒီလိုပါ ခင်ဗျာ၊ အစ်ကိုလေးရဲ့ မိဘတွေဟာ မက်မန်းခြံတွေ ပိုင်ဆိုင်းပြီး ကျိကျိတက်ချမ်းသာကြွယ်ဝကြသူတွေပါ၊ အစ်ကိုလေးတို့ အမြွှာပူးညီအစ်ကိုကို မွေးဖွားခဲ့ကြပြီး အစ်ကိုလေးတို့ အခါလည်သားအရွယ်မှာပဲ မက်မန်းခြံတွေကို စစ်ဆေးဖို့ ထွက်သွားခဲ့ကြပါတယ်၊ အဲဒီအချိန်မှာ အစ်ကိုလေး

ဖုန်းစုရဲ့ဟာ နေထိုင်မကောင်းဖြစ်နေတာကြောင့် ဦးလေးဟိုနဲ့တားခဲ့ရပါတယ်၊ မိဘတွေ နေ့ဝက်ခရီးပဲ သွားမှာမို့ စိတ်ချလက်ချထားခဲ့တာပါ၊ ဒါပေမယ့် လူဆိုးတွေနဲ့တွေ့ပြီး မိဘတွေ စီးလာတဲ့ မြင်းလှည်းဟာ ချောက်ထဲကျသွားတာကြောင့် အစ်ကိုလေးဟာ ငယ်စဉ်ကပဲ မိဘမဲ့ဘဝရောက်ခဲ့ရတာပါ ခင်ဗျာ'

လုယိက....

'ဖုန်းစုရဲ့ကို အိမ်ထိန်းကြီးကပဲ ပြုစုစောင့်ရှောက်ခဲ့ရတယ်ပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်'

'အင်း...သူ့အဖြစ်က အတော့်ကို ရင်နာစရာကောင်းတာပဲ'

'အခုလဲ ဦးလေးဟိုက သိပ်မကျန်းမာဘူး၊ အစ်ကိုလေးတော့ ဒုက္ခပါပဲ'

ခွေးလေးက ညည်းတွားလိုက်လေသည်။

လုယိက....

'သိပ်လဲစိတ်မပူပါနဲ့လေ၊ ကျုပ်ကလဲ မင်းရဲ့အစ်ကိုလေးကို အဖော်လုပ်ပေးမှာပါ'



'ကျေးဇူးပါပဲခင်ဗျာ'

အကြောင်းမသိသော ခွေးလေးသည် လုယိအား ခင်မင်သွားလေသည်။

လုယိသည်လည်း ဖုန်းစုရဲ၏အိမ်တွင် ကြာကြာနေနိုင်ရန် အခွင့်အရေး ပေါ်ပေါက်သွားလေသည်။

* * *

မွေးရာပါ

---

လေပြည်လေညင်း ဝှေ့ယမ်းတိုက်ခတ်နေသည်။

မွေးကြိုင်သင်းပျံ့သော ပန်းရနံ့များ လွင့်ပျံ့လာလေသည်။

လုယိသည် ပန်းဥယျာဉ်အတွင်းရှိ ကျောက်ထိုင်ခုံပေါ်၌ ထိုင်ကာ လေညင်းခံနေ၏။

သူက အိပ်လိုက်စားလိုက်ဖြင့် လိုလေသေးမရှိပြည့်စုံသော အနေအထားမျိုး ရှိနေ၏။

ဖုန်းစုရဲ၏ ကျေးဇူးကြောင့် မဟုတ်ပါလား။



အကယ်၍....

သူကသာ တစ်သက်လုံး နေသွားမည်ဆိုလျှင် ဖုန်းစုရဲက တစ်သက်လုံး လက်ခံသွားမည်ဟု ကတိပေးထားလေသည်။

လုယိတစ်ယောက်အတွက် ဖုန်းစုရဲအဖို့ မှုစရာမလိုပေ။

သို့သော်....

လုယိက တစ်သက်လုံးနေသွားနိုင်မည် မဟုတ်ပါ။

သူသည် အမြဲတမ်း လှုပ်ရှားနေတတ်သော လူစားမျိုး မဟုတ်ပါလား။

ဖုန်းစုရဲ၏အိမ်တွင် အချိန်ကာလတစ်ခုအထိ ခိုအောင်းနေလိုက်ပြီး အခြေအနေအရပ်ရပ် အေးချမ်း ငြိမ်သက်သွားပြီဆိုသည်နှင့် ထွက်သွားရန် စိတ်ကူးထားလေသည်။

ယခုအချိန်တွင် ကို့ထုံချန်းသည် မည်သို့ရှိမည်နည်း။

မြောက်ပိုင်းတန်ဆောင် ဂိုဏ်းကရော မည်သို့ရှိမည်နည်း။

လုယိက အမျိုးမျိုး တွေးတောစဉ်းစားနေစဉ်မှာပင် ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုယိ သတိဝင်လာပြီး လှည့်ကြည့်လိုက်သည်။

ထိုအခါ....

ဖုန်းစုရဲ့ ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

ဖုန်းစုရဲ့ မျက်နှာမကောင်းချေ။

လုယိက....

'တောင်ပေါ်ဘုံကျောင်းက ပြန်လာတာလား'

ဟု မေးလိုက်သည်။

ဖုန်းစုရဲက....

'ဟုတ်တယ်'

လုယိက....

'မင်း မျက်နှာလဲ မကောင်းပါလား၊ ဘာဖြစ်လို့လဲ'

ဖုန်းစုရဲက....

'ကျုပ်တော့ အင်တော့်ကို စိတ်သောက ရောက်နေမိတယ်ဗျာ၊ ဦးလေးဟိုရဲ့အခြေအနေက သက်သာလာတယ် ဆိုပေမယ့် အချိန်မရွေး ရောဂါပေါက်လာနိုင်တဲ့ သဘောမျိုးရှိနေတယ်၊ အိမ်ကျွံပြန်လိုက်ခဲ့ဖို့ ခေါ်တာလဲ မရဘူး'



လုယိက....

'သမားတော် မပင့်ဘူးလား'

ဖုန်းစုရဲက....

'ပင့်ပါတယ်၊ ဒါပေမယ့် သမားတော်တွေကလဲ ရောဂါထွေထွေထူးထူးမရှိဘူး လူကြီးရောဂါလို့ ပြောတယ်၊ ဇရာကို ဘယ်သူမှမလွန်ဆန်နိုင်ကြဘူးလေ'

လုယိက....

'အင်း....ဒါတော့ ဘယ်တတ်နိုင်ပါ့မလဲ'

ဖုန်းစုရဲက လုယိနှင့် မလှမ်းမကမ်း၌ ဝင်ထိုင်လိုက်ပြီး....

'ဒါထက် ခင်ဗျားရော ဒီမှာနေရတာ ပျော်ရဲ့လားဗျ'

ဟု မေးလာလေသည်။

လုယိက....

'ဟာ....ကျုပ်အတွက် အစစအရာရာ ပြည့်စုံနေတာပဲ ကျေနပ်စရာ ကောင်းပါတယ်၊ ဒီနေရာကိုသာ လိုက်မလာဖြစ်ရင် ကျုပ်ဘယ်လောက် နက္ခရောက်ဦးမလဲ မသိဘူး'

ဖုန်းစုရဲ့က....

‘မြောက်ပိုင်းက ကိစ္စလား’

‘ဟုတ်တယ်’

‘ဒီကိစ္စကိုမတွေးဘဲ မေ့ထားလိုက်တာ ကောင်းပါလိမ့်မယ်ဗျာ’

လုယိ ခေါင်းခါယမ်းလိုက်သည်။

‘မေ့ထားလိုက်လို့ရရင် ကောင်းတာပေါ့၊ ကျုပ်တို့က မေ့ပစ်လိုက်လဲ သူတို့ကတော့ မေ့မှာမဟုတ်ဘူး’

ဖုန်းစုရဲက....

‘ခင်ဗျားဆိုလိုတာက....’

‘ကျုပ်တို့ကိုသဲကြီးမဲကြီး လိုက်ရှာနေကြမှာ သေချာတယ်’

‘ဟင်....’

ဖုန်းစုရဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

လုယိက....



‘အထူးသဖြင့် မြောက်ပိုင်းတန်ဆောင်ဂိုဏ်းက လူတွေဟာ ကျုပ်တို့ကို သဲကြီးမဲကြီး လိုက်ရှာနေကြမှာ သေချာတယ်’

ဖုန်းစုရဲက....

‘ဒါ....ဒါဖြင့် ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ’

လုယိက....

‘အခြေအနေ ကြည့်တာပေါ့လေ၊ ဘာပဲဖြစ်ဖြစ် ဒီနေရာမှာတော့ လုံခြုံစိတ်ချရမယ်လို့ ထင်ပါတယ်’

ထိုစကားကြားမှ ဖုံန်းစုရဲ စိတ်သက်သာရာ ရသွားလေသည်။

‘ကျုပ်ရဲ့ခြံဝင်းဟာ သီးသန့်နေရာလေးတစ်ခုလို ဖြစ်နေတယ်လေ၊ ဒါကြောင့် တော်ရုံတန်ရုံ ကျုပ်တို့အကြောင်း သိဖို့မလွယ်ကူဘူးပေါ့’

လုယိက....

‘ဒါထက် မင်းမှာ အမြွာညီအစ်ကိုတစ်ယောက်ရှိခဲ့ဖူးတယ်ဆိုတာ အမှန်ပဲလား’

ဟု မေးလိုက်၏။

ဖုန်းစုရဲ သက်ပြင်းချလိုက်လေသည်။

'ဟုတ်ပါတယ်၊ ကျုပ်ရဲ့ အစ်ကိုက ဖုန်းမင်းပါ၊ ကျုပ်တို့ ငယ်ငယ်ကပဲ သေကွဲကွဲသွားခဲ့ကြတာပါ'

လုယိက....

'ခွေးလေးကပြောတော့ မင်းရဲ့ မိဘတွေနဲ့ အစ်ကိုဟာ လူဆိုးဓားပြတွေလက်က လွတ်အောင် ထွက်ပြေးရင်း သူတို့စီးနင်းလာတဲ့ မြင်းလှည်းဟာ ချောက်ထဲထိုးကျပြီး အားလုံး သေဆုံးသွားခဲ့ကြရတယ်ဆို'

ဖုန်းစုရဲက....

'ဟုတ်ပါတယ်၊ ကျုပ်မိဘတွေရဲ့ အလောင်းကို ချောက်ထဲက ပြန်ရှာဖွေတွေ့ခဲ့ပေမယ့် အစ်ကိုဖုန်းမင်းရဲ့ အလောင်းကိုတော့ မတွေ့ခဲ့ရပါဘူး၊ ဖေဖေတို့လို လူကြီးတွေတောင်မှ ချောက်ထဲကျပြီး သေဆုံးသွားခဲ့ရသေးတာ၊ ကျုပ်အစ်ကိုဖုန်းမင်းဆိုရင် အရိုးအသား ရှာတွေ့နိုင်တော့မှာ မဟုတ်ဘူး၊ ဒါကြောင့် သူ့ရဲ့အလောင်းကို မတွေ့ရပေမယ့် သူသေသွားပြီဆိုတာ သိခဲ့ရတာပေါ့'

လုယိက....

'ခင်ဗျားရဲ့ မိဘတွေအတွက် စိတ်မကောင်းပါဘူးဗျာ'



ဟု ပြောလိုက်သည်။

ဖုန်းစုရဲက....

'ကျုပ်ရဲ့မိဘတွေ အခုချိန်ရှိလဲ အသက်ကြီးရင့်ကုန်ရောပေါ့၊ ကျုပ်ရဲ့အစ်ကိုအတွက် အတော့်ကို စိတ်မကောင်းဖြစ်မိတယ်၊ သူဟာ လူမှန်းမသိခင်မှာပဲ သေဆုံးသွားခဲ့ရတာ၊ ဦးလေးဟိုကတော့ ကျုပ်အစ်ကိုရဲ့ရင်ဘတ်မှာ မွေးရာပါအနီအမှတ်ကြီးတစ်ခုရှိတယ်လို့ ပြောပါတယ်'

ထိုစကားကြားလျှင် လုယိ၏ခန္ဓာကိုယ် နောက်သို့ ဆတ်ခနဲဆုတ်၍ တုန်ခါသွားလေသည်။

'ရင်ဘတ်မှာ မွေးရာပါ အနီအမှတ်ကြီးပါတယ် ဟုတ်လား'

'ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲ'

လုယိက ခေါင်းခါယမ်းလိုက်သည်။

'ဘာမှမဖြစ်ပါဘူး၊ ဒါထက် နောက်တစ်ခါ မင်းတောင်ပေါ်ဘုံကျောင်းကိုသွားရင် ကျုပ်လိုက်ခဲ့လို့ရမလား'

ဟု ချက်ချင်း စကားလမ်းကြောင်း ပြောင်းလိုက်လေသည်။

ဖုန်းစုံရဲက....

'ကောင်းသားပဲ၊ လိုက်ခဲ့နိုင်ပါတယ်ဗျာ၊ ကျုပ်ကလဲ ခေါ်သွားမလို့ပါပဲ၊ ဒါပေမယ့် ဦးလေးဟိုအတွက် ဗျာ များနေတာကြောင့် တစ်ခါမှ မခေါ်ဖြစ်သေးဘူး'

လုယိက....

'ဒါဖြင့် မနက်ဖြန်သွားမယ်လေ'

'စိတ်ချ၊ မနက်ဖြန် ကျုပ်ခေါ်သွားပါ့မယ်၊ ကဲ....ကျုပ် အိမ်ထဲဝင်လိုက်ဦးမယ်'

'ကောင်းပြီ....ကောင်းပြီ'

ဖုန်းစုရဲက အိမ်ထဲဝင်သွားလေသည်။

လုယိက လိုက်မသွားပါ။

ကျောခိုင်းထွက်သွားသော ဖုန်းစုံရဲကို ကြည့်ကာ သက် ပြင်းချလိုက်သည်။

'မေးရာပါ အနီအမှတ်အသား ရင်ဘတ်မှာရှိတယ် ဆိုပါ လား'

ဟု ရေရွတ်လိုက်သည်။



တစ်ဆက်တည်းပင် သူ၏မျက်လုံးထဲ၌ လူတစ်ယောက်ကို မြင်ယောင်လာလေသည်။

'သုဝေ'

ဟု တီးတိုးရေရွတ်လိုက်သည်။

သုဝေ၏ရင်ဘတ်တွင် အနီအမှတ်အသားကြီးတစ်ခု ထင် ရှားစွာရှိနေသည်ကို သူက တွေ့မြင်ခဲ့ဖူးသည် မဟုတ်ပါလား။

ဖုန်းစုရဲနှင့်သုဝေတို့သည် အမြွှာညီအစ်ကိုများ ဖြစ်နေကြ သည်လော။

လုယိသည် တွေးတောရင်း ထူးခြားမှုများကို ပြန်လည် သတိရလာလေသည်။

ဖုန်းစုရဲသည် သုဝေ ကိုယ်တိုင်တီထွင်ထားသော သိုင်း ကွက်များကို တတ်မြောက်နေသည်။

ထို့အတူ....

သုဝေသည် ဖုန်းစုရဲ၏ တေးကဗျာများကို ရနေ၏။

အလွန်ထူးဆန်းသော တိုက်ဆိုင်မှုဖြစ်လေသည်။

လုယိက....

'မယုံနိုင်စရာပါလား'

ဟု ရေရွတ်လိုက်သည်။

ဖုန်းစုရဲနှင့် သူဝေတို့၏ဆက်နွယ်မှုသည် တစ်နေ့တွင် အရေးပါလာလိမ့်မည်ဟုလည်း နားလည်လိုက်လေတော့သည်။

* * *

အရိုပ်

---

တောင်ပေါ်ဘုန်းကျောင်း....

တောင်ပေါ်ဘုန်းကျောင်းသည် သာယာလှပသော တောင်တစ်လုံးပေါ်တည်ဆောက်ထားခြင်း ဖြစ်သည်။

မြို့နှင့် ငါးမိုင်ခန့်ဝေးသောနေရာလည်း ဖြစ်သည်။

ပတ်ဝန်းကျင်တွင်သာယာလှပသောသဘာဝတောတောင်ရေမြေအလှကိုတွေ့မြင်ရမည်ဖြစ်သည်။

အေးချမ်းတိတ်ဆိတ်ပြီး တရားဘာဝနာပွားများဖို့ကောင်းသောနေရာလည်း ဖြစ်လေသည်။

လုယီသည် ဖုန်းစုရဲနှင့်အတူ တောင်ပေါ်ဘုန်းကျောင်းသို့ လိုက်သွားလေသည်။

ဦးလေးဟိုသည် ဘုန်းကျောင်းတွင် ကပ္ပိယကြီး အဖြစ်နေထိုင်ခဲ့ပြီး နာမကျန်းဖြစ်သောအခါ အနောက်ဘက်အဆောင်တစ်ဆောင်၌ ပြောင်းရွှေ့နေထိုင်ခဲ့လေသည်။

လုယိသည် ဖုန်းစုရဲနှင့်အတူ ဦးလေးဟိုအား သွားတွေ့လိုက်သည်။

ဖုန်းစုရဲက ဦးလေးဟိုနှင့်အတူ အချိန်အတန်ကြာ နေဦးမည်ဖြစ်၍ ဘုန်းကျောင်းအနီးပတ်ဝန်းကျင်၌ လှည့်ပတ်ကြည့်ရှုဦးမည်ဟုအကြောင်းပြကာ ပြန်ထွက်လာခဲ့လေသည်။

အမှန်တကယ်လည်း ဘုန်းကျောင်းပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုခဲ့၏။

သို့ဖြင့် တစ်နေရာသို့ရောက်လျှင်....

'ဝေါ....ဝေါ....ဝေါ'

တဝေါဝေါ ရေစီးကျသံများကို ကြားလိုက်ရလေသည်။

လုယိ ကြည့်လိုက်သောအခါ တောင်ပေါ် ဘုန်းကျောင်းတည်ရှိရာတောင်ကုန်းနှင့် မျက်နှာချင်းဆိုင်တွင်ရှိသောတောင်မြင့်ကြီးတစ်လုံးပေါ်မှ ရေတံခွန်ကြီးတစ်ခု စီးကျနေသည်ကိုတွေ့ရလေသည်။



နေခြည်ဖြာကျနေသဖြင့် ရေတံခွန်ကြီးမှ ဖြာထွက်လာသော ရေမှုန်ရေမွှားများကြောင့် လှပသော ရောင်စုံသက်တန့်များဖြစ်ပေါ်လာလေသည်။

အလွန် သာယာလှပသောမြင်ကွင်းဖြစ်ရကား လုယိ ငေးမောကြည့်နေလိုက်မိလေတော့သည်။

အချိန် မည်မျှကြာသွားမှန်းမသိ။

'ခင်ဗျားက သက်တန့်ရေတံခွန်ရဲ့အလှအပကို ခံစားနေတာကိုး'

နောက်ကျောဘက်မှ စကားသံထွက်ပေါ်လာမှ သတိဝင်လာလေသည်။

လုယိ လှည့်ကြည့်လိုက်သောအခါ ဖုန်းစုရဲ ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

'ဩော်'

ဖုန်းစုရဲက ပြုံးပြရင်း....

'ဘယ်လောက်များ သာယာလှပလိုက်သလဲဗျာ'

လုယိ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်ရဲ့ ဘဝတစ်သက်တာမှာ ဒီလောက် သာယာလှပတဲ့မြင်ကွင်းမျိုးကို မတွေ့ဖူးဘူး'

ဖုန်းစုရဲက....

'ကျုပ်ရဲ့အသည်းနှလုံးထဲမှာ သက်တန့်ရောင်ခွန်ကြီးဟာ ဘယ်တော့မှမေ့ပျောက်သွားလို့မရနိုင်တဲ့ အမှတ်အသားကြီးတစ်ခု ပေါ့ဗျာ'

လုယီက...

'ကျုပ်လဲ တစ်ခါတွေ့ရုံနဲ့ တစ်သက်လုံး မေ့နိုင်တော့မှာ မဟုတ်ပါဘူး'

ဖုန်းစုရဲက....

'ကျုပ်တို့ ပြန်ကြရအောင်'

'ကောင်းသားပဲ'

နှစ်ယောက်သား လှည့်ထွက်လာကြလေသည်။

ထိုစဉ်....

သူတို့ထံသို့ ဦးတည်ကာ လှမ်းလာနေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။



ဤတွင်....

လုယီ မျက်နှာပျက်သွားပြီး ခြေလှမ်း တုံ့ခနဲ ရပ်သွား လေတော့သည်။

* * *

လုယ် ခြေလှမ်းတုံ့ခနဲ ရပ်သွားလေသည်။

ဖုန်းစုရဲက....

'ဘာဖြစ်လို့လဲ'

ဟု မေးလိုက်သည်။

လုယီက....

'ဘာမှတော့ မဖြစ်ဘူး၊ ဒါပေမယ့် မင်းသတိထားနေရင် ကောင်းလိမ့်မယ်'

'ဗျာ'

'ကျုပ်က မိတ်ဟောင်း ဆွေဟောင်း တစ်ယောက်ကို တွေ့နေရပြီ၊ မင်းသေးဖယ်နေလိုက်ပါ၊ တော်ကြာ မင်းပါ ဒုက္ခရောက်သွားလိမ့်မယ်'

'ခင်ဗျားရဲ့မိတ်ဆွေဟောင်းက ဘယ်သူလဲ'

ဟုမေးကာ လှမ်းလာနေသူအား လှမ်းကြည့်လိုက်လေသည်။

လုယိက မသိမသာ လူချင်းခွဲလိုက်လေသည်။

လှမ်းလာနေသူသည် အနီးသို့ရောက်လာပြီး....

'လုယိ'

ဟု ခေါ်လာလေသည်။

လုယိက....

'လီဖုံ....ခင်ဗျားက ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာရတာလဲ'

ဟု မေးလိုက်သည်။

ယခု....



လုယိရှေ့သို့ ရောက်ရှိလာသူမှာ အရက်ဆိုင်ပိုင်ရှင် လီဖုံး ဖြစ်ပါသည်။

လီဖုံးက....

'မင်းကို လိုက်ရှာနေတာပေါ့'

'ကျုပ်ကို....'

'ဟုတ်တယ်'

'ဘာကိစ္စလဲဗျ'

လီဖုံးက....

'ဘာကိစ္စလဲ ဆိုတာကို မင်း မသိသေးဘူးလား'

လုံယိက အဖြေမပေးဘဲ နေလိုက်လေသည်။

လီဖုံးက....

'မြောက်ပိုင်းက ဂိုဏ်းနှစ်ဂိုဏ်း အပြိုင်အဆိုင် ဖြစ်ကြတဲ့ထဲမှာ မေတ္တာဂေဟာကို အသုံးချခံလိုက်ရတာ ဆရာကို့က မှုကျေမနပ် ဖြစ်နေတယ်ကွ'

လုယိ မျက်မှောင်ကြုတ်သွားပြီး....

'မေတ္တာဂေဟာ အသုံးချခံလိုက်ရတယ်ဆိုတာ ဘာကို ဆိုလိုတာလဲ'

ဟု မေးလိုက်လေသည်။

လီဖုံးက....

'မြောက်ပိုင်းတန်ဆောင်ဂိုဏ်းက ငါတို့ဆီကာ ကြေးစားလာငှားတဲ့ကိစ္စကို ပြောတာပေါ့'

လုယီက....

'ဒီကိစ္စအတွက် သူဝေကို အသုံးချလို့မရတာကြောင့် ဆရာကို့က ကျုပ်ကို တာဝန်ပေးခဲ့တာ ခင်ဗျားသိပါတယ်'

လီဖုံးက....

'ဟုတ်တယ်လေ၊ ခုလဲ ဆရာကို့ကပဲ မင်းနောက်ကို လိုက်ခိုင်းတာ'

လုယီ မဲ့ပြုံးပြုံးလိုက်သည်။

'ဘာလဲ၊ ကျုပ်က မအောင်မြင်ခဲ့တဲ့အတွက် ကျုပ်ကို အပြစ်ပေးခိုင်းလိုက်တာ မဟုတ်လား'

လီဖုံးက....



'မဟုတ်ဘူးကွ'

လုယီ ခေါင်းခါယမ်းလိုက်သည်။

'ဆရာကို့ အကြောင်းကို ခင်ဗျားတို့သိသလို ကျုပ်လဲ သိထားတယ်ဆိုတာ မမေ့ပါနဲ့ဗျာ၊ ဒါပေမယ့် ခင်ဗျား တစ်ယောက်တည်း ကျုပ်နောက်ကို လိုက်လာတာ မဟာ အမှားပဲ'

လီဖုံးက....

'မင်း....အထင်မှားနေပြီ လုယီ၊ ငါရှင်းပြချင်တယ်'

လုယီက....

'ကောင်းသားပဲ၊ နားထောင်ကြည့်သေးတာပေါ့'

လီဖုံးက တည်ကြည်သော မျက်နှာထားဖြင့်....

'မြောက်ပိုင်း တန်ဆောင်ဂိုဏ်းနဲ့ မိုးကြယ်ဂိုဏ်းဟာ အပြိုင်အဆိုင် ဖြစ်နေကြတယ်၊ မြောက်ပိုင်းတန်ဆောင်ဂိုဏ်း ထဲမှာ မိုးကြယ်ဂိုဏ်းကို သစ္စာခံတဲ့ သစ္စာဖောက်တွေ ရှိနေတယ်၊ အဲဒီလူတွေက မေတ္တာဂေဟာနဲ့ဆက်သွယ်ပြီး ကြေးစား ငှားတယ်လို့ မိုးကြယ်ဂိုဏ်းချုပ်ကို လုပ်ကြံခိုင်းတယ်၊ မင်းက မြောက်ပိုင်းကို ရောက်သွားတော့ တစ်ဖက်လှည့်နဲ့ မိုးကြယ်ဂိုဏ်းကို သတင်းပေးလိုက်တယ်'

ဟု ပြောပြ၏။

လုယိက....

'လက်စသတ်တော့ ဒီလိုကိုး၊ ဒါကြောင့် ကျုပ်ကို လာပြီး ဆက်သွယ်တဲ့လူတွေဟာ မိုးကြိုးဂိုဏ်းက ဖြစ်နေပြီး ကျုပ်က ထောင်ချောက်ထဲ ဝင်ခဲ့မိတာပေါ့'

လီဖုံးက....

'သစ္စာဖောက်တွေဟာ မိုးကြယ်ဂိုဏ်းနဲ့ ပူးပေါင်းပြီး မြောက်ပိုင်းတန်ဆောင်ဂိုဏ်း သိက္ခာကျအောင် ဖန်တီးခဲ့ကြတာပဲ၊ ဒါတွေကို မင်းမအောင်မြင်ဘဲ ဒုက္ခတွေနေပြီဆိုတဲ့ သတင်းကြားတော့ ဆရာကို့က စုံစမ်းဖော်ထုတ်ခဲ့တာပဲ'

လုယိက...

'ကျုပ်က ဆရာကို့ကို ကျေးဇူးတင်ရမှာပေါ့ ဟုတ်လား'

လီဖုံးက....

'ဒါပေါ့၊ ဆရာကို့က မင်းကို ကူညီဖို့ ငါ့ကိုလွှတ်လိုက်တာပဲ၊ မင်းကို ဘေးမသီ ရန်မခ ပြန်ခေါ်လာရမယ်လို့လဲ အမိန့်ပေးလိုက်တယ်'

လုယိက....

'ခင်ဗျားပြောတာဟာ နားထောင်လို့တော့ ကောင်းပါတယ်၊ ဒါပေမယ့်....'

'ဒါပေမယ့် ဘာဖြစ်သလဲ'



'ကျုပ်....မယုံနိုင်လို့ပေါ့'

လီဖုံး သက်ပြင်းချလိုက်လေသည်။

'မင်း ...မှားမယ် လုယိ'

လုယိက....

'ကျုပ်က ပေါ့ပေါ့တန်တန် သဘောထားမိလို့ မြောက်ပိုင်းမှာ တစ်ခါခံခဲ့ရပြီးပြီ၊ ဒါကြောင့် နောက်ဘယ်တော့မှ အမှားမခံတော့ဘူးလို့ ဆုံးဖြတ်ထားတယ်'

လီဖုံးက....

'မင်း....ဒီလို သဘောထားတာကို ဆရာကို့ သိရင် အတော့်ကို စိတ်မကောင်းဖြစ်သွားမှာပဲ'

လုယိ ပခုံးတွန့်လိုက်သည်။

'ဘာတတ်နိုင်ပါ့မလဲဗျာ၊ ကိုယ့်အတွက်က ပိုပြီးအရေးကြီးတယ် မဟုတ်လား'

လီဖုံးက....

'ဆရာကို့အတွက် မင်း ထည့်ပြီး မစဉ်းစားတော့ဘူးလား၊ ခုချိန်မှာ ဆရာကို့ အတော့်ကိုအခက်ကြုံနေရတယ်'

လုယိ မျက်မှောင် ကြုတ်သွားပြီး....

'ဘာဖြစ်လို့လဲ'

'သူဝေက ရှုံးနေတယ်'

လို့ယိ နှာခေါင်းရှုံ့လိုက်သည်။

လီဖုံးက....

'ကျားမ ချိချိကလဲ မရှိတော့ဘူး'

'ဘယ်လို'

'သူဝေကရှုံးနေလို့ ဆရာကို့က မောင်းထုတ်ပစ်လိုက်တယ်၊ ကျားမချိချိက သူဝေကို တစ်ဖက်သတ် ကြိုက်နေတော့ သူဝေနောက်ကို လိုက်သွားတယ်'

'လက်စသတ်တော့ ဒီလိုကိုး'

လို့ယိက နားလည်သဘောပေါက်သွားဟန်ဖြင့် မှတ်ချက်ချလိုက်၏။

လီဖုံးက....

'ဆရာကို့ အားကိုးစရာဆိုလို့ မင်းပဲကျန်တော့တယ်'

လို့ယိက....

'ကျုပ်က မြောက်ပိုင်းမှာ အရေးနိမ့်ခဲ့တယ်၊ ဆရာကို့က ကျုပ်ကို အားကိုးချင်တုန်းပဲလား'

လီဖုံးက....



'ဒါတော့ ဘယ်တတ်နိုင်မလဲ၊ သစ္စာဖောက်တွေက ထောင်ချောက် ဆင်ခဲ့ကြတာကိုး၊ မင်းနေရာမှာ သူဝေဆိုရင်လဲ မလွယ်ဘူးလို့ ဆရာကို့က ပြောတယ်'

လို့ယိက သက်ပြင်းချလိုက်သည်။

'ဟူး....တော်ပါသေးရဲ့ဗျာ'

လီဖုံးက....

'ဆရာကို့ဆီကို မင်းပြန်လိုက်ခဲ့မယ် မဟုတ်လား'

လို့ယိ ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ၊ သွားကြတာပေါ့'

ဖုန်းစုရဲ့က....

'ခင်ဗျား သွားတော့မလို့လား'

ဟု မေးလာလေသည်။

လို့ယိက....

'ဟုတ်တယ်၊ ကျုပ်သွားရတော့မယ်၊ ကျုပ်ရဲ့ မိတ်ဆွေတွေက လာခေါ်နေပြီ'

ဖုန်းစုရဲ့ စိတ်မကောင်း ဖြစ်သွားလေသည်။

'ကျုပ်ဆီကို လာလည်ဖို့မမေ့ပါနဲ့ဗျာ၊ ကျုပ်က ခင်ဗျားအတွက် အချိန်မရွေး တံခါးဖွင့်ထားပြီး ကြိုဆိုနေပါမယ်'

လုယိက....

'စိတ်ချ၊ ကျုပ်လာခဲ့မှာပါ၊ ကဲ....ကျုပ်ကို ခွင့်ပြုပါဦး'

'ကောင်းပါပြီဗျာ'

လုယိက လီဖုံးဘက်သို့လှည့်ကာ....

'ကဲ....သွားစို့'

ဟု ပြောလိုက်သည်။

လီဖုံးက ခေါင်းညိတ်လိုက်သည်။

ထို့နောက်....

နှစ်ယောက်သား တောင်ပေါ်ဘုံကျောင်း တည်ရှိရာ တောင်ကုန်းပေါ်မှ ဆင်းလာခဲ့ကြလေတော့သည်။

* * *

ကျေးငှက် သာရကာလေးများသည် ဘာသာဘာဝတေး ကို သီကြွေးကာ ပျံဝဲနေကြ၏။

ပျားပိတုန်း လိပ်ပြာများကလည်း ပန်းဝတ်ရည်ကိုစုပ်ယူရန် ပျံသန်းနေကြ၏။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။



လုယိနှင့်လီဖုံးတို့ တောင်ပေါ်မှ ဆင်းလာကြလေသည်။ တဖြည်းဖြည်း တောင်ခြေသို့ ရောက်လာသည်။

ထိုစဉ်....

'ခဏ....'

လုယိက ခြေလှမ်းရပ်လိုက်၏။

သူ၏စကားသံကြောင့် လီဖုံးလည်း ခြေလှမ်းရပ်သွားပြီး လှည့်ကြည့်လာလေသည်။

'ဘာဖြစ်လို့လဲ'

လုယိက....

'ခင်ဗျားအကြံ ဒါအကုန်ပဲလား'

'ဟင်....'

လီဖုံးက အံ့သြသွားဟန်ဖြင့်....

'လုယိ....မင်းဘယ်လိုဖြစ်သွားတာလဲ'

လုယိက....

'လီဖုံး....ကျုပ်ဒီလောက် မအသေးပါဘူးဗျာ၊ ဆရာကို့က ကျုပ်ကိုရှင်းပစ်ဖို့ ခင်ဗျားကိုလွှတ်လိုက်တယ်ဆိုတာ ကျုပ်သိတယ်'

လီဖုံး သက်ပြင်းချလိုက်သည်။

'ဟုတ်တယ် လုယီ၊ ငါ့စကားတွေကိုမင်းယုံမှာမဟုတ်ဘူး ဆိုတာလဲ ငါသိတယ်'

'ဟား....ဟား....ဟား'

လုယီက ဟားတိုက် ရယ်မောလိုက်လေသည်။

'နောက်ဆုံးတော့လဲ ခင်ဗျား အမှန်အတိုင်းဝန်ခံရတာပဲ မဟုတ်လား'

လီဖုံးက....

'ငါက ဘာကြောင့် အမှန်အတိုင်း ပြောတယ်ဆိုတာကို မင်းသဘောပေါက်ဖို့ကောင်းတယ်'

လုယီက လီဖုံးအား စိုက်ကြည့်လိုက်ပြီး....

'ခင်ဗျားက ကျုပ်ကို သုတ်သင်ရှင်းလင်းပစ်နိုင်မယ် ထင်နေလို့လား'

လီဖုံး ခေါင်းခါယမ်းလိုက်သည်။

'မင်းနဲ့သူဝေဟာ ဆရာကို့ရဲ့ လက်ရုံးတွေ မေတ္တာဂေဟာက အတော်ဆုံး ကြေးစားတွေဆိုတာ ငါသိတာပေါ့၊ မင်းကို ငါကယှဉ်နိုင်မှာမဟုတ်ဘူးဆိုတာလဲကောင်းကောင်း ကြီး သဘောပေါက်ထားတာပေါ့ကွာ'

လုယီက....



'ခင်ဗျား....ဒီလို သဘောပေါက်ထားပါလျက်နဲ့ ဘာကြောင့် လာခဲ့ရတာလဲ ပြောစမ်းပါဦး'

လီဖုံးက....

'ဆရာကို့ လွှတ်လိုက်လို့ပေါ့'

လုယီက မြေပေါ်တံတွေးထွေးချလိုက်လေသည်။

'ထွီ'

တစ်ဖန် လီဖုံးကို အထင်သေးစွာကြည့်လိုက်ပြီး....

'သူကလွှတ်တိုင်း ခင်ဗျား လာရသလား၊ ခင်ဗျားလဲ သူဝေလိုပဲရူးနေပြီထင်တယ်'

လီဖုံး ခေါင်းခါယမ်းလိုက်လေသည်။

'ငါမရူးပါဘူး'

'ဘာဗျ'

'ဆရာကို့ဟာ ဘယ်လိုကိစ္စမျိုးမဆို စေ့စပ်တယ်၊ သေချာမှလုပ်တတ်တယ်ဆိုတာ မင်း သိပါတယ်'

လုယီ မျက်မှောင်ကုတ်သွားလေသည်။

'ခင်ဗျားက သေချာလို့လာတာပေါ့ ဟုတ်လား'

'ဟုတ်တယ်'

လီဖုံးက မှင်သေသေဖြင့်ပြောလိုက်သည်။

လုယိက....

'ကောင်းပြီလေ....ခင်ဗျားတို့ ဘယ်လောက်သေချာတယ်ဆို တာ ကြည့်ကြသေးတာပေါ့'

စကားဆုံးလျှင် တိုက်ခိုက်ရန် အသင့် ပြင်ထားလိုက်လေသည်။

လီဖုံးက လက်ခုပ်တီးလိုက်သည်။

'ဖြောင်း....ဖြောင်း....ဖြောင်း'

လက်ခုပ်သံများ ထွက်ပေါ်လာလေသည်။

မရှေးမနှောင်းမှာပင် အနက်ရောင် ဝတ်ဆင်ထားသူများ ဟိုမှသည်မှ ထွက်ပေါ်လာကြလေတော့သည်။

* * *

အနက်ရောင် ဝတ်ဆင်ထားကြသူများ ထွက်ပေါ်လာကြလေသည်။ ထိုလူများသည် လုယိအား ဝိုင်းရံထားလိုက်ကြလေသည်။

လီဖုံးက....



'လုယိ.... ငါစိတ်မကောင်းပါဘူးကွာ၊ မေတ္တာဂေဟာနာမည်မပျက်ရလေအောင် မင်းကို သုတ်သင်ရှင်းလင်းပစ်ရလိမ့်မယ်လို့ ဆရာကို့က အမိန့်ပေးလိုက်တယ်'

ဟု ပြောလေသည်။

အနက်ရောင် ဝတ်ဆင်ထားကြသူများမှာ မြောက်ပိုင်းတန်ဆောင်ဂိုဏ်းမှလူများဖြစ်ကြောင်း မှတ်မိလိုက်သည်။

'တောက်'

လုယိ မကျေမနပ် တက်ခေါက်လိုက်လေသည်။

လီဖုံးက....

'ကဲ....ခင်ဗျားတို့ မြောက်ပိုင်းတန်ဆောင်ဂိုဏ်း၊ သိက္ခာမကျချင်ဘူးဆိုရင် သူ့ကို သုတ်သင် ရှင်းလင်းပစ်လိုက်ကြပေတော့'

ဟု ပြောလိုက်သည်။

ဤတွင်....

'ယား'

အနက်ရောင် ဝတ်ဆင်ထားကြသူများသည် ငြာသံပေးကာပြေးဝင်တိုက်ခိုက်လာကြလေသည်။

လုယိကလည်း ချက်ချင်း ပြန်လည် တိုက်ခိုက်လိုက်လေသည်။

'အနက်ရောင်ဝတ်ဆင်ထားကြသူများသည်လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြပြီး လုယီကား လက်နက်မဲ့နေသည်။

ထို့အပြင်....

အများနှင့်တစ်ယောက်ဖြစ်နေသေး၏။

လုယီမှာ 'ချက်ချင်း နောက်ဆုတ် ပေးလိုက်ရလေတော့ သည်။ လီဖုံးသည် အခြေအနေကို အကဲခတ်ကြည့်နေပြီးမှ....

'လုယီ သတိထား'

ဟု အော်ပြောကာ သံမဏိအရက်အိုးကို ဝှေ့ယမ်းပြီး ခုန်ဝင်တိုက်ခိုက်လာ၏။ တိုက်ပွဲမှာ ကြောက်ခမန်းလိလိပြင်း ထန်လှပေသည်။

လုယီသည် ရှောင်တိမ်းသွားရန်မဖြစ်နိုင်တော့၍ အသေ အလဲ ပြန်လည် ခုခံတိုက်ခိုက်လိုက်လေတော့သည်။

သူတို့ ပြင်းထန်စွာ တိုက်ခိုက်နေချိန်မှာပင်....

* * *

နာကြည်းချက်

ကောင်းကင်ပေါ်တွင် တိမ်ဖြူများ လေနှင့်အတူ လွင့် မျောနေ၏။ ငှက်ကလေးများလည်း အသံစာစာပေးကာ ပျံသန်းသွားကြလေသည်။

ချီချီသည် ပတ်ဝန်းကျင်ကို ငေးကြည့်ယိုက်ပြီး....

'သာယာလိုက်တာနော်'

ဟု ပြောလာလေသည်။

ယခုအချိန်တွင်....

သူမသည် ကြေးစားတစ်ယောက်နှင့် မတူတော့ဘဲ ပီဘိ ကလေးငယ်တစ်ယောက်ပမာ ပျော်ရွှင်ကြည်နူးနေလေသည်။

သုဝေသည် သူမကိုကြည့်ကာ ပြုံးလိုက်မိသည်။

ချီချီက....

'ခုမှပဲ ရှင် ဘာကြောင့် မေတ္တာဂေဟာက ထွက်လာချင်ရတယ်ဆိုတာကို ကျွန်မ သဘောပေါက်တော့တယ်'

ဟု ပြောလေသည်။

သုဝေက....

'ဘယ်လိုသဘောပေါက်တာလဲ၊ ပြောစမ်းပါဦး'

ချီချီက....

'ရှင်းပါတယ်၊ လွတ်လပ်မှုရဲ့အရသာကို ခံစားချင်လို့ပေါ့'

ထိုစကားကြားလျှင် သုဝေ ရယ်မောလိုက်မိလေသည်။

ချီချီက....

'ကျွန်မ ပြောတာ မဟုတ်လို့လား'

သုဝေက....

'ဟုတ်ပါတယ်....ဟုတ်ပါတယ်၊ ဒါထက် ဟိုမှာကြည့်လိုက်စမ်းပါဦး'

အရှေ့ဘက်ဆီသို့ညွှန်ပြကာ ပြောလိုက်၏။



ချီချီ လှမ်းကြည့်လိုက်သည်။

ထိုအခါ တဝေါဝေါမြည်ဟိန်းကာ စီးကျနေသော ရေတံခွန်ကြီးကို တွေ့မြင်လိုက်ရလေသည်။

ချီချီက....

'လှလိုက်တဲ့ ရေတံခွန်ကြီး'

ဟု ချီးကျူးလိုက်ပြန်သည်။

သုဝေက....

'ဟုတ်တယ်၊ ပန်းချီကားထဲက နေရာကို ရောက်ပြီပေါ့'

ချီချီက....

'ရှင်ဟာ ထူးထူးဆန်းဆန်း တော်တော် လုပ်တတ်တဲ့လူပဲ'

သုဝေက....

'ကျုပ်ကလုပ်တာ မဟုတ်ဘူး၊ ကျုပ်စိတ်ထဲမှာ အလိုလိုသိပြီး အလိုလို ခံစားနေရတာ ကျုပ်စိတ်ကို လွှမ်းမိုးနေတဲ့ စာပေသမားဘဝနဲ့ ဒီနေရာကို အကျွမ်းတဝင် ရှိရလိမ့်မယ်လို့ ယုံကြည်မိတယ်'

ချီချီ သက်ပြင်းချလိုက်လေသည်။

'ရှင်....တော်တော် အစွဲအလမ်းကြီးတာပဲ'

သုဝေက....

'ကျုပ်က အစွဲအလမ်းကြီးတာ ရှူးသွပ်နေတာ မဟုတ်ဘူး၊ တကယ်လက်တွေ့ဖြစ်နေတယ်ဆိုတာ မင်း သိပါတယ်'

ချိုချိုက....

'ထားပါတော့လေ၊ ကျွန်မတို့ ရေတံခွန်ရှိတဲ့ တောင်ပေါ်ကို သွားကြမလား'

သုဝေ ခေါင်းညိတ်လိုက်သည်။

'သွားတာပေါ့'

'ဒါဖြင့် လာ'

သူတို့နှစ်ယောက်သည် ရေတံခွန်ကြီးစီးကျနေသည့် တောင်ပေါ်သို့ တက်သွားကြလေသည်။

သို့ဖြင့် များမကြာမီ နှစ်ယောက်သား တောင်ပေါ်သို့ ရောက်ရှိသွားကြလေသည်။

ချိုချိုသည် ဟိုဟိုသည်သည် အကဲခတ် ကြည့်လိုက်ပြီးမှ....

'ကဲ....အခု ရှင်ရောက်ချင်တဲ့ သက်တန့်ရေတံခွန်ကို ရောက်လာပြီ၊ ရှင့်စိတ်ထဲ ဘယ်လိုခံစားရသလဲဆိုတာ ပြောစမ်းပါဦး'

ဟု မေးလေသည်။



သုဝေက....

'ဟုတ်တယ်၊ ကျုပ်ခံစားနေရတယ်'

'ဘယ်လိုများလဲ'

'ကျုပ်က ဒီနေရာကို မကြာခဏ ရောက်ဖူးတယ်၊ ဒီမှာ လာပြီး ပန်းချီဆွဲတယ်၊ ကဗျာလင်္ကာတွေ စပ်ဆိုတယ်ဆိုတဲ့ ခံစားချက်ပဲ'

ချိုချိုက....

'မဖြစ်နိုင်တာရှင်'

သုဝေက....

'မဖြစ်နိုင်မှန်းတော့ ကျုပ် သိတာပေါ့၊ ကျုပ် ခံစားရတာကို ပြောတာပဲလေ'

ချိုချိုက....

'ရှင့်ရဲ့ သဘာဝမကျတဲ့ ခံစားချက်တွေကို ဘေးဖယ်ထားလိုက်လို့ မရဘူးလား'

သုဝေ ခေါင်းခါယမ်းလိုက်လေသည်။

'မရဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီခံစားချက်တွေ သိပ်ပြီး ပြင်းပြလာတဲ့အခါ ကျုပ်ဟာ ကြေးစားဘဝကနေ စာပေသမားဘဝ အလိုလိုပြောင်းလဲသွားတယ် မဟုတ်လား၊

အဖြစ်မှန်ကို ဖော်ထုတ်ရလိမ့်မယ်၊ ဘုမသိ ဘမသိ ဘဝမျိုး ကျွန်တော် မနေချင်ဘူး'

ချီချီ သက်ပြင်းချကာ....

'ရှင်....ဖော်ထုတ်နိုင်ပါစေလို့ ဆုတောင်းပါတယ်ရှင်'

ဟု ပြောလိုက်လေသည်။

ထိုစဉ်....

အဝေးမှ တိုက်ခိုက်သံများ လွင့်ပျံ့လာသည်ကို ကြားလိုက်ရလေသည်။

ချီချီနှင့်သုဝေတို့ ရင်ထိတ်သွားကြသည်။

တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ချီချီက....

'တိုက်ခိုက်သံတွေပါလား'

သုဝေက....

'ဟုတ်တယ်၊ ဒီလိုအေးချမ်းသာယာတဲ့ နေရာမှာတောင် သွေးထွက်သံယိုတိုက်ပွဲတွေနဲ့ မလွတ်ကင်းနိုင်တော့ဘူးလား'

ဟု ညည်းတွားလိုက်လေသည်။

ချီချီက....

'ရှင် ဒီမှာ ခဏနေခဲ့ဦး၊ ကျွန်မ သွားကြည့်လိုက်ဦးမယ်'



စကားဆုံးလျှင် လှစ်ခနဲပြေးထွက်သွားလေသည်။

'ချီချီ....'

သုဝေက လှမ်းခေါ်လိုက်သည်။

ချီချီက လှည့်မကြည့်ဘဲ တစ်ဟုန်ထိုး ပြေးသွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

* * *

တိုက်ပွဲမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေ၏။

အနက်ရောင် ဝတ်ဆင်ထားသူများနှင့် လီဖုံးသည် လူယိအား ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ကြလေသည်။

လူယိသည် လီဖုံးကို အထင်မကြီးပါချေ။

အချိန်မရွေး တိုက်ခိုက် အနိုင်ယူနိုင်သည်ဟု ယုံကြည်ထား၏။

အမှန်တကယ်လည်း ယှဉ်နိုင်ပါသည်။

သို့သော်....

အနက်ရောင် ဝတ်ထားသူများရှိနေ၍ အခက်ကြုံနေရတော့သည်။

ထိုအနက်ရောင် ဝတ်ထားကြသူများသည် မြောက်ပိုင်းတန်ဆောင်ဂိုဏ်းမှ ထိပ်သီးသိုင်းလက်ရွေးစင်များ ဖြစ်ကြလေသည်။

ထို့ကြောင့်....

လွယ်လွယ်နှင့် အနိုင်မရနိုင်သည့်အပြင် အများနှင့်ဝိုင်းရံတိုက်ခိုက်ခြင်းခံရသဖြင့် အခက်ကြုံလာလေတော့သည်။

လုယိ ဒေါပွလာသည်။

'လီဖုံး၊ ခင်ဗျားက လူစုံလူဝေးနဲ့ဝိုင်းပြီးတိုက်ခိုက်တာ မှရှက်ဘူးလား'

ဟု အော်ပြောလိုက်၏။

လီဖုံးက....

'အပိုတွေပြောမနေနဲ့၊ မင်းကို သုတ်သင်ဖို့ ဘယ်လိုနည်းလမ်းမျိုးကိုမဆို အသုံးပြုရမှာပဲ၊ ငါက ဆရာကို့ရဲ့ အပြစ်ပေးတာ ဘယ်တော့မှ မခံဘူး'

လုယိ နှာခေါင်းရှုံ့လိုက်သည်။

'ခင်ဗျားက သူ့အပေါ် သစ္စာရှိနေပေမယ့် တစ်နေ့ခင်ဗျားအမှားလုပ်မိရင် ကျုပ်လို အပြစ်မျိုးနဲ့ မကြုံရဘူးလို့ ပြောနိုင်မလား'



လီဖုံးက....

'ငါက ခုထိ အမှားမလုပ်သေးတော့ ဒါတွေကို မစဉ်းစားဘူး'

လုယိက....

'ကောင်းပြီ၊ ဒီကနေ့ ခင်ဗျားအမှားလုပ်မိပြီ ဆိုတာကို သိရလိမ့်မယ်'

သူက လီဖုံးကို အော်ပြောရင်း အကွက်ကောင်း ချောင်းနေခြင်း ဖြစ်လေသည်။

အနက်ရောင်ဝတ်ထားသူ တစ်ယောက်က ပိုင်ပြီအထင်နှင့်ပြေးဝင်လာသောအခါ ခန္ဓာကိုယ်ယိမ်းနွဲ့ကာ ရှောင်လိုက်ပြီး ထိုလူ၏လက်ထဲမှဓားကို လုယူလိုက်၏။

ထိုလူအငိုက်မိသွားသဖြင့် ဘာမှ မတတ်နိုင်တော့ပေ။

လုယိသည် လက်ထဲဓားရောက်လာသည်နှင့် ကြမ်းတမ်းစွာ တိုက်ခိုက်လိုက်လေတော့သည်။

သူ၏ အနီးသို့ရောက်ရှိနေသော အနက်ရောင်ဝတ်ထားသူ အရင်ဆုံး ခံလိုက်ရလေတော့သည်။

'အား....'

ထိုလူသည် စူးရှစွာအော်ဟစ်ကာ မြေပေါ်လဲကျသွားလေသည်။

ကျန်အနက်ရောင်ဝတ်ထားကြသူများသည် သူတို့၏အဖေဘ် ခံလိုက်ရသည်ကို မြင်လျှင် ဒေါသထွက်သွားပြီး....

'သေပေတော့'

'ယား....'

ကြွေသံပေးကာ ပြေးဝင်တိုက်ခိုက်လာကြလေသည်။

လုယိက အုံ့တင်းတင်းကြိတ်ကာ ပြန်လည်တိုက်ခိုက်လိုက်၏။

သူတို့ ထိပ်တိုက် ရင်ဆိုင်မိလိုက်ကြသည်နှင့်....

'ဝုန်း....'

'အား.....'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ်လာလေသည်။

အနက်ရောင် ဝတ်ဆင်ထားကြသူများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။

ထို့အတူ....

လုယိ၏ခန္ဓာကိုယ် ပေါ်၌လည်း ဓားဒဏ်ရာ သုံးလေးချက် ရရှိသွားလေတော့သည်။



အနက်ရောင် ဝတ်ဆင်ထားကြသူများ အခြေအနေမလှသည်ကိုမြင်လျှင် လီဖုံးမကျေမနပ် ဖြစ်သွားလေသည်။

လုယိအား သုတ်သင်ရှင်းလင်းခြင်း မပြုနိုင်လျှင် သူလည်း ဒုက္ခရောက်ရလိမ့်မည် မဟုတ်ပါလား။

လီဖုံးက....

'လုယိ....သတိထားပေတော့'

ဟု ကြုံးဝါးကာ ခုန်ဝင်လိုက်လေသည်။

လုယိ နှာခေါင်း ရှုံ့လိုက်သည်။

'လာခဲ့စမ်း....ခွေးများကို ဆုံးမပြမယ်'

ဟု အော်ငေါက်ကာ ဆီးကြို တိုက်ခိုက်လိုက်လေသည်။

လီဖုံးက ရိုးရိုးတန်းတန်း ခုန်ဝင်လာခြင်းမျိုး မဟုတ်ဘဲ လက်ထဲမှ သံအရက်အိုးဖြင့် တအားပစ်ပေါက်လိုက်ခြင်း ဖြစ်လေသည်။

ထိုသို့ ပြုလုပ်လိမ့်မည်ဟု လုယိ မမျှော်လင့်ခဲ့ပါချေ။

ထို့ကြောင့် ကပျာကယာ ရှောင်တိမ်းလိုက်သည့်တိုင် မလွတ်နိုင်တော့ပေ၊ လီဖုံး၏အရက်အိုးသည် သူ၏ပခုံးကိုထိမှန်သွားလေတော့သည်။

'ဝုန်း....'

'အား...'

လုယိမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားကာ မြေပေါ်လဲကျသွားလေသည်။

အနက်ရောင် ဝတ်ဆင်ထားကြသူများက ပြာသံပေးကာ ဝင်ရောက်တိုက်ခိုက်ကြလေသည်။

လုယိသည် ကပျာကယာ မြေပေါ်မှ လူးလိမ့်ထလိုက်သည်။

သို့တိုင်....

ဓားချက် သုံးလေးချက်သည် သူ၏ကိုယ်ပေါ်သို့ ပြန်လည်ကျရောက်လာလေသည်။

'အား....'

လုယိ စူးစူးရှရှ အော်ဟစ်ကာ မြေပေါ်သို့ လဲကျသွားလေတော့သည်။

*　　*　　*

'ဟား....ဟား....ဟား'

လီဖုံးသဘောကျစွာ ရယ်မောလိုက်လေသည်။



လုယိကား တစ်ကိုယ်လုံး သွေးခြင်းခြင်းနီရဲကာ မြေပေါ်တွင် လဲကျနေပြီ ဖြစ်သည်။

လီဖုံးက....

'လုယိ....မင်း ဘာ့တတ်နိုင်သေးလဲ'

ဟု ပြောလေသည်။

လုယိက အံကြိတ်ကာ....

'ခင်ဗျားတို့ အသာစီးရလိုက်ပေမယ့် ကျုပ်က အရှုံးပေးမယ် မထင်နဲ့'

ချက်ချင်း လူးလိမ့်ထကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော်....

သူ၏ခန္ဓာကိုယ်မှာ ဒယိးဒယိုင် ဖြစ်နေပါတော့သည်။

လီဖုံးက....

'လုယိ....မင်းက ကိုယ့်ကိုယ်ကို အထင်ကြီးနေတာကိုး၊ ငါက ဘာမဆို ပြောတဲ့အတိုင်း သေချာအောင် လုပ်တတ်တယ်၊ မင်းကိုချမ်းသာပေးမယ် မထင်နဲ့'

ပြောပြောဆိုဆို သူ၏သံအရက်အိုးကို ကောက်ယူလိုက်လေသည်။

ထိုစဉ်....

'ရပ်လိုက်'

ဟန့်တားသံ ထွက်ပေါ်လာလေသည်။

လီဖုံး လှမ်းကြည့်လိုက်သောအခါ မိန်းကလေး တစ်ယောက် ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

လီဖုံး မျက်မှောင်ကုတ်သွားပြီး....

'ဘယ်သူလဲ၊ ကိုယ်နဲ့မဆိုင်ရင် ဝင်မရှုပ်နဲ့'

ဟု ငေါက်လိုက်လေသည်။

ပြေးလွှားလာသောမိန်းကလေးမှာ အနီးသို့ ရောက်ရှိလာလေသည်။

သူမက....

'လီဖုံး ...ကျွန်မကိုတောင် မမှတ်မိတော့ဘူးလား'

ဟု ပြောလာလေသည်။

လီဖုံး သေသေချာချာကြည့်လိုက်တော့မှ ချီချီဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

'ဟင်....ချီချီ'

ချီချီက....

'ဟုတ်တယ်၊ ရှင်ဘာလုပ်နေတာလဲ'

လီဖုံးက....



'ဆရာကို အမိန့်အတိုင်း ဆောင်ရွက်နေတာလေ'

ချီချီသည် ဒဏ်ရာဗရပွရထားသည့် လုယိကို တစ်ချက်ကြည့်လိုက်ပြီး....

'ဪ....ဒီလိုကိုး'

လုယိက....

'ချီချီ'

ဟု အားကိုးတကြီး လှမ်းခေါ်လိုက်လေသည်။

ချီချီက....

'လုယိ....ရှင်က ဆရာကို ခိုင်းတဲ့အတိုင်း မလုပ်နိုင်တာ အဲတော့ဆိုးတာပဲ'

ဟုပြောရာ လုယိဒေါပွသွားလေသည်။

'ခွေးမ'

ဟု ကျိန်ဆဲလိုက်လေသည်။

ချီချီက လီဖုံးဘက်သို့လှည့်ကာ ပြုံးပြရင်း....

'ရှင်က ကျွန်မအတွက်ပါ ပိုပြီး ဆောင်ရွက်ပေးထားလို့ ကျေးဇူးတင်ပါတယ်ရှင်'

ဟု ပြောလိုက်လေသည်။

'ဟား....ဟား....ဟား'

လဲဖုံးက သဲဘောကျစွာ ရယ်မောလိုက်လေသည်။

အနက်ရောင်ဝတ်ထားကြသူများ လှုပ်လှုပ်ရှားရှား ဖြစ်လာကြလေသည်။

ချိချိက....

'ကဲ....ကျွန်မသွားဦးမယ်၊ ရှင်လဲ လုပ်စရာရှိတာ ဆက်လုပ်ပေါ့၊ နောက်မှ တွေ့ကြသေးတာပေါ့'

စကားဆုံးလျှင် ထွက်သွားရန် ဟန်ပြင်လိုက်၏။

လဲဖုံးက လုယိဘက်သို့ လှည့်လိုက်လေသည်။

ထိုတဒင်္ဂ အချိန်လေးမှာပင် ချိချိက လျပ်တစ်ပြက် လှုပ်ရှားလိုက်လေသည်။

သူမသည် လက်နက်ပုန်းကလေးများဖြင့် လဲဖုံး အပါအဝင် အနက်ရောင် ဝတ်ဆင်ထားသူများအား ပစ်ခတ်လိုက်လေသည်။

'ဝှစ်....ဝှစ်....ဝှစ်'

လက်နက်ပုန်းလေးများ တရစပ် ပစ်လွှင့်သွားလျှင်....

'အား'

'အမယ်လေး'

'ဝုန်း'



'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ တရစပ် ထွက်ပေါ်လာ၏။

လဲဖုံးနှင့်တကွ အနက်ရောင်ဝတ်ဆင်ထားသူများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေတော့သည်။

* * *

အဖြစ်အပျက်မှာ မယုံကြည်နိုင်စရာ ကောင်းလောက်အောင် ပြောင်းလဲသွားလေသည်။

လုယိ ပါးစပ်အဟောင်းသား ဖြစ်နေသည်။

ချိချိက သူ့အား ပြုံးပြလိုက်လေသည်။

လုယိက....

'မင်း....'

ချိချိက....

'ကျွန်မက ရှင့်ကို ကယ်လိုက်တာလေ'

လုယိက....

'မင်းမှာ ဘာအကြံရှိနေလို့လဲ'

'အကြံ'

'ဟုတ်တယ်'

'ဪ....ကျွန်မရဲ့အကြံကို ရှင်သိချင်တယ်ပေါ့'

'ဟုတ်တယ်'

'ကျွန်မရဲ့ အကြံက....'

သူမ စကားဆုံးအောင် မပြောလိုက်ရပါချေ။

'ဝိုး'

သံအရက်အိုးကြီး တစ်ရှိန်ထိုး ပစ်လွှင့်လာသဖြင့် ကပျာကယာ ရှောင်တိမ်းလိုက်ရလေသည်။

ချီချီ လှမ်းကြည့်လိုက်သောအခါ လိဖုံးက လူးလိမ့်ထလာပြီး တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်ကို တွေ့ရလေသည်။

လိဖုံးသည် ဒေါသတကြီးဖြင့်....

'မင်းဟာ ကျားမ မဟုတ်ဘူး၊ ကောက်ကျစ်စဉ်းလဲတဲ့ ဝံပုလွေမ'

ဟု အော်ပြောလာသည်။

ချီချီ ရယ်မောလိုက်လေသည်။

'ကျွန်မက ကိုယ့်ကိုယ်ကို ကာကွယ်ရတာပါရှင်'



'ဘာ'

'တကယ်လို့ ကျွန်မကလုယက်ကိုရှင်းပစ်ဖို့ ရှင်နဲ့လိုက်မသွားဘဲ သုဝေ နောက်ကို လိုက်သွားတယ် ဆိုတာသာ ဆရာကို့ သိသွားရင် ကျွန်မ အပြစ်ပေးခံရမှာပေါ့'

လိဖုံးက....

'လက်စသတ်တော့ ဒါကြောင့် ကျုပ်ကို နှုတ်ပိတ်ချင်တာကိုး'

ချီချီက....

'သုဝေကလွဲရင် အားလုံးက ဆရာကို့ကို ကြောက်နေကြရတာပဲ မဟုတ်လားရှင်'

လိဖုံးက....

'ခွေးမ၊ နင်လဲ သေရမယ် မှတ်ထား'

လက်နှစ်ဖက် ဆန့်တန်းကာ ပြေးဝင်တိုက်ခိုက် လာလေသည်။

ချီချီက လက်ကို အသာအယာ ဝှေ့ယမ်းလိုက်သည်။

'ဝှစ်'

လက်နက်ပုန်းတစ်ခုသည် ကြယ်ကြွေသကဲ့သို့ ပစ်လွှင့်သွားပြီး လိဖုံး၏နဖူးတွင် စိုက်ဝင်သွားလေသည်။

'အား'

လီဖုံး အထိတ်တလန့် အော်လိုက်သည်။

ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားကာ နောက်ပြန် လှဲကျသွားသည်။

ထို့နောက် တုတ်တုတ်မျှမလှုပ်တော့ဘဲ ငြိမ်သက်သွားလေတော့သည်။

ချီချီ သက်ပြင်းချလိုက်သည်။

လုယိဘက်သို့လှည့်ကာ ပြုံးပြလိုက်၏။

လုယိက....

'မင်းက ငါ့ကိုလဲ ရှင်းပစ်မှာပဲမဟုတ်လား'

ဟု ပြောလာလေသည်။

ချီချီ ရယ်မောလိုက်သည်။

'ကျွန်မတို့ဟာ ဘဝတူတွေပါရှင်၊ ဘာကြောင့် ဒီလောက်တောင် ရက်စက်ရမှာလဲ'

'တော်စမ်းပါ'

လုယိက ခပ်ပြင်းစွာ အော်လိုက်လေသည်။

ချီချီက ...



'ကျွန်မရဲ့ အကြောင်းကို ဘယ်သူမှ မသိလေ ကောင်းလေလို့ ကျွန်မ ယုံကြည်ထားတယ်ရှင့်'

စကားဆုံးလျှင် လက်နက်ပုန်းဖြင့် ပစ်လိုက်လေသည်။

လုယိမှာ ဒဏ်ရာပြင်းထန်စွာ ရထားသည်ဖြစ်ရာ မရှောင်နိုင်တော့ပါချေ။

သို့သော်....

'ဝှီး'

လူရိပ်တစ်ခုခုန်ဝင်လာပြီး လက်နက်ပုန်းလေးကို ဖမ်းယူသွားလေသည်။

ချီချီ မကျေမနပ် ဖြစ်သွားပြီး....

'ဘယ်သူလဲ'

ဟု အော်ငေါက်လိုက်သည်။

ရုတ်တရက် ထွက်ပေါ်လာသော လူရိပ်သည် မြေပေါ်ခုန်ဆင်းလိုက်လေသည်။

'ဟင်....အစ်ကိုသုဝေ'

ချီချီ လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

မှန်ပေသည်။

လက်နက်ပုန်းလေးကို ကြားဖြတ်ဖမ်းယူကာ လုယိ၏အသက်ကို ကယ်တင်လိုက်သူမှာ သုဝေ ဖြစ်နေပါတော့သည်။

*　　*　　*

## သွေး၏သတ္တိ

---

လေဝှေ့ ယမ်း တိုက်ခတ်လာသည်။

ရော်ရွက်ကလေးများ တဖြုတ်ဖြုတ် ကြွေကျလာလေသည်။

ဖုန်းစုရဲသည် သူ၏ဦးခေါင်းပေါ်သို့ သစ်ရွက်များ ကြွေကျလာသော်လည်း ခါထုတ်ရဲခြင်း လှုပ်ရှဲခြင်းမရှိဘဲ ငြိမ်နေရ၏။

လုယိအား တောင်ပေါ်ဘုံကျောင်းတွင် လီဖုံးကခေါ်သွားခြင်းသည် ထူးခြားမှုရှိမည်ဟု ယုံကြည်မိလေသည်။

ထို့ကြောင့်....

နောင်ယောင်ခံကာ တိတ်တဆိတ် လိုက်လာခဲ့ခြင်း ဖြစ်သည်။

မြောက်ပိုင်းဒေသတွင် ကြုံတွေ့ခဲ့ရသော အဖြစ်ဆိုးများကြောင့် သူ့အား ရန်ပြုမည့်သူများ ပေါ်လာမည်ကို အစဉ်သဖြင့် စိုးရိမ်နေခဲ့လေသည်။

တောင်ခြေသို့ ရောက်သောအခါ လီဖုံးက အကောက်ကြံကာ လုယိအား တိုက်ခိုက်သည်ကိုမြင်လျှင် ကြောက်ကြောက် လန့်လန့်ဖြင့် သစ်ပင်တစ်ပင်နောက်သို့ ဝင်ပုန်းကာ ချောင်းကြည့်နေခဲ့မိလေသည်။

အဖြစ်အပျက် အစအဆုံးကို တွေ့မြင်ထားခဲ့လေတော့သည်။

ဖုန်းစုံရဲသည် အဝေးသို့ ထွက်ပြေးသွားလိုသည်။

ရက်စက်ကြမ်းကြုတ်သူများနှင့် မဆုံစည်းလိုပါ။

လုယိကိုလည်း ကူညီလိုသည်။

သို့သော်....

သူသည် နူးညံ့ပျော့ပျောင်းသော ဖာပေသမား တစ်ယောက်သာ ဖြစ်သည် မဟုတ်လား။

လုယိအား ကယ်တင်နိုင်မည် မဟုတ်သည့်အပြင် သူပါ အသက်ဆုံးရလိမ့်မည်ဟု နားလည်ကာ လက်ပိုက်ကြည့်နေခဲ့ခြင်း ဖြစ်လေသည်။



သူ၏တစ်ကိုယ်လုံး ဇောချွေးများနှင့် စိုရွှဲနေ၏။

ခြေတုန်လက်တုန် ဖြစ်နေသည်။

ရင်ထဲ ပျို့တက်လာပြီး အန်ချပစ်လိုစိတ်များလည်း ဖြစ်ပေါ်နေ၏။

ဖုန်းစုရဲ ဒုက္ခရောက်၍နေလေသည်။

* * *

လုယိ ပင့်သက်ရှိုက်လိုက်လေသည်။

သူ အလွန်မုန်းတီးခဲ့သည့် သုဝေက သူ၏အသက်ကို ကယ်တင်လိုက်ပြီ မဟုတ်ပါလား။

ချီချီက....

'ရှင်က သူ့ကိုကယ်တင်လိုက်ပေမယ့် သူကတော့ ရှင့်ကို ကျေးဇူးတင်လိမ့်မယ် မထင်နဲ့'

ဟု ပြောလိုက်သည်။

သုဝေက....

'ကိစ္စမရှိပါဘူး၊ သူ့ကိုမသတ်မိဖို့တဲ့ အရေးကြီးတယ်'

ချီချီက....

'သူက ရှင့်ကို မုန်းတီးနေတယ်ဆိုတာ ရှင်မသိဘူးလား'

သုဝေ ခေါင်းညိတ်လိုက်သည်။

'ကျုပ် သိပါတယ်'

ချီချီ မကျေမနပ် ဖြစ်သွားလေသည်။

'ဒါနဲ့များ ရှင်က သူ့အသက်ကို ကယ်တင်ဖို့ ကြိုးစားရ သေးသလား'

သုဝေ သက်ပြင်းချလိုက်သည်။

'ချီချီ သူဟာ အသက်ရှင်နေပေမယ့် လူသေတစ်ယောက် လို မခြား ဖြစ်သွားပြီဆိုတာ မင်းမစဉ်းစားမိပဲကိုး'

'ဘာရှင့်'

'သူ သေသွားသည်ဖြစ်စေ၊ အသက် ရှင့်နေသည်ဖြစ်စေ ဘာမှ မထူးခြားတော့ပါဘူး'

လုယိ မျက်နှာပျက်သွားလေသည်။

အခြေအနေမှန်ကို ချက်ခြင်း သဘောပေါက်မိလိုက်လေ သည်။

'ဟုတ်တယ်၊ ကျုပ်သေသွားတာကမှ ကောင်းဦးမယ်'

ဟု ပြောလာလေသည်။



သုဝေက....

'တစ်ခုတော့ရှိတယ်၊ အသက်ရှင်နေသေးတယ်ဆိုရင် မျှော် လင့်ချက်ဆိုတာ ရှိလာနိုင်သေးတယ်'

ချီချီက....

'ရှင်တော်တော် သဘောကောင်းနေပါလား'

ဟု ခနဲ့လိုက်လေသည်။

သုဝေက....

'ကို့ထုံချန်းက ကျုပ်တို့ သုံးယောက်စလုံးကို ချမ်းသာ ပေးမှာ မဟုတ်ပါဘူးဗျာ၊ ကျုပ်တို့ဟာ ဘဝတူတွေဖြစ်နေ ကြပါပြီ၊ ဘာကြောင့်များ ခိုက်ရန်ဖြစ်ချင်ရသေးသလဲ'

ချီချီက ဘာမှမပြောတော့ချေ။

သုဝေက....

'သွားကြပါစို့'

ဟု ပြောကာ ထွက်သွားရန် ဟန်ပြင်လိုက်၏။

ချီချီကလည်း ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

'ခဏနေပါဦး'

လုယိက ဟန့်တားလိုက်လေသည်။

ချီချီက....

'ရှင် ဘာပြောချင်လို့လဲ'

ဟု ခပ်တည်တည်မေးလိုက်သည်။

လှုယိက....

'ကျုပ်က သုဝေအပေါ်မှာ အထင်မှားခဲ့တယ်၊ မနာလိုမရှုဆိတ်ဖြစ်ပြီး ပြိုင်ဆိုင်ခဲ့တယ်၊ ကျုပ်အမှားတွေကို ကျုပ်သဘောပေါက်ပါပြီ၊ ခွင့်လွှတ်ဖို့တောင်းပန်ပါတယ်ဗျာ'

ချီချီက....

'မလိုပါဘူး'

လုံယိက....

'ကျုပ်က ကြေးစားဘဝကို အပြီးအပိုင် စွန့်လွှတ်လိုက်ပါပြီ၊ မင်းတို့ရဲ့ကျေးဇူးကို ဘယ်တော့မှမမေ့ပါဘူး၊ အခွင့်ကြုံတဲ့တစ်နေ့ ပြန်ဆပ်ပါ့မယ်'

ချီချီကဲ....

'ကျေးဇူးဆပ်ဖို့ နောက်မှပြော၊ ရှင့်ဒဏ်ရာတွေကိုပဲ ဆေးကုဖို့ အရင်လုပ်စမ်းပါဦး'

'ကောင်းပါပြီဗျာ၊ ကံမကုန်သေးရင် ပြန်တွေ့ကြသေးတာပေါ့'

'စကားရှည်လိုက်တာ'



ချီချီက ငေါက်လိုက်သဖြင့် လှုယိ ဆက်မပြောတော့ချေ။

သုံးယောက်သား လမ်းခွဲရန် ဟန်ပြင်လိုက်ကြလေသည်။

ထိုစဉ်....

'ဟား....ဟား....ဟား'

ကျယ်လောင်သောရယ်မောသံထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။

ချီချီတို့ ခြေလှမ်းရပ်သွားပြီး လှမ်းကြည့်လိုက်သောအခါ ကို့ထုံချန်းက ဟားတိုက်ရယ်မောရင်း လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

ကို့ထုံချန်း....

မေတ္တာဂေဟာပိုင်ရှင် ကို့ထုံချန်း ရောက်ရှိလာပြီ ဖြစ်လေသည်။

ချီချီ၊ သုဝေနှင့် လှုယိတို့ ရင်ထိတ်သွားကြလေသည်။

သုံးယောက်သား ခြေလှမ်းရပ်သွားကြလေသည်။

သတိကြီးစွာထားကာ ကို့ထုံချန်းကို မျက်တောင်မခတ်ကြည့်နေလိုက်ကြလေသည်။

ကို့ထုံချန်းသည် သူတို့နှင့် မလှမ်းမကမ်းတွင် ခြေလှမ်းရပ်လိုက်လေသည်။

ပြီးလျှင် သဘောကျသွားဟန်ဖြင့် ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

'ငါက တကယ့် ကြေးစားတွေဖြစ်လာအောင် တစ်နေ့အားကိုးအားထားပြုလို့ရအောင် နှစ်ပေါင်းများစွာ ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ရတယ်၊ လေ့ကျင့်သင်ကြားပေးခဲ့ရတယ်၊ ခုတော့ မင်းတို့က ငါ့ကို ကျေးဇူးကန်းလိုက်ကြပြီပေါ့ ဟုတ်လား'

ဟု ပြောလေသည်။

သုဝေတို့ မျက်နှာပျက်သွားကြလေသည်။

အမှန်တော့....

သူတို့သည် မိဘမဲ့များဖြစ်ကြလေသည်။

ကို့ထုံချန်းက ငယ်စဉ်ကပင် ကျွေးမွေးစောင့်ရှောက်ကာ သိုင်းပညာသင်ကြားပေးခဲ့ခြင်းဖြစ်သည်။

ထို့နောက်....



ကို့ထုံချန်း၏အလိုအတိုင်း ကြေးစားဘဝသို့ သွတ်သွင်းခံခဲ့ကြရသူများဖြစ်ပေသည်။

ကို့ထုံချန်းက....

'ငါခိုင်းတဲ့အတိုင်းဖြစ်အောင် မလုပ်နိုင်ရင် သေဒဏ်အပြစ်ပေးခံရမယ်လို့ဆိုတာ အားလုံးသိကြတယ်၊ ငါက ဘာကြောင့် ဒီလိုစည်းကမ်းချမှတ်ထားရသလဲ ဆိုတာကိုတော့ ဘယ်သူမှမသိကြဘူး'

သုဝေတို့ ငြိမ်နေကြဆဲ....

ကို့ထုံချန်းက ဆက်ပြောလေသည်။

'ဘာကြောင့်လဲဆိုရင် မင်းတို့သုံးယောက်ဟာ ငါက ဘာပဲခိုင်းခိုင်း အောင်အောင်မြင်မြင်လုပ်နိုင်မယ်လို့ ယုံကြည်ထားလို့ပဲ'

ချီချီ သက်ပြင်းချလိုက်လေသည်။

ကို့ထုံချန်းက....

'ခုချိန်မှာတော့ သုဝေက ရူးသွပ်သလိုဖြစ်နေတယ်၊ လူယိကတော့ သုဝေထက်သာတယ်ဆိုတာကို အကြောင်းပြချင်နေတယ်၊ မင်းတို့ရဲ့အမှား၊ ချီ့ယွင်းချက်တွေကြောင့် ခုလိုအဖြစ်မျိုးတွေနဲ့ ကြုံတွေ့ခဲ့ရတာပဲ'

သူက သုဝေတို့သုံးယောက်အား စိုက်ကြည့်လိုက်ပြီး....

'ငါပြောတာကို သဘောပေါက်ကြတယ် မဟုတ်လား'

ဟု မေးလေသည်။

လုယိက ခေါင်းညိတ်လိုက်သည်။

'ဟုတ်....ဟုတ်ကဲ့....သဘောပေါက်ပါပြီ ဆရာကို့'

ကို့ထုံချန်း ပြုံးလိုက်သည်။

'သဘောပေါက်တယ်ဆိုရင် ဘာကြောင့် ဆက်ပြီး မိုက်မဲချင်ကြရသေးတာလဲ'

'မျာ'

'မင်းတို့ ဘာကြောင့် ထွက်ပြေးသွားဖို့ ကြိုးစားနေကြရတာလဲ'

'ကျုပ်....ကျုပ်တို့'

'ငါမင်းတို့ကို အပြစ်ပေးမယ် ထင်နေကြတယ်ပေါ့လေ၊ ဟုတ်လား'

လုယိက....

'ဆရာကို့က ကျုပ်တို့ကို အပြစ်က ခွင့်လွှတ်မှာလား'

ကို့ထုံချန်းက....

'ဒါပေါ့'

လုယိက....

'ဒါဖြင့် မြောက်ပိုင်းဒေသကကိစ္စကို ဘယ်လိုလုပ်မလဲ'



ကို့ထုံချန်းက ပခုံးတွန့်လိုက်သည်။

'ဒီကိစ္စကို မေ့ပစ်လိုက်ရုံပဲရှိတာပေါ့'

'တကယ်ပြောတာလားဗျာ'

'တကယ်ပေါ့'

'ဝမ်းသာလိုက်တာဗျာ'

လုယိ ဝမ်းသာသွားလေသည်။

ချီချီလည်း လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

ကို့ထုံချန်းက....

'ချီချီနဲ့သုဝေရော ဘာလုပ်နေကြတာလဲ'

ဟု မေးလိုက်သည်။

ချီချီက ချက်ချင်း လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

'ဆရာကို့ရဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး'

ဟုလည်း ပြောလိုက်လေသည်။

'ဟား....ဟား....ဟား'

ကို့ထုံချန်းက သဘောကျစွာ ရယ်မောလိုက်လေသည်။

သုဝေက မလှုပ်မယှက်ရပ်နေသည်။

ကို့ထုံချန်းက....

'သုဝေ....မင်းဘာလုပ်နေတာလဲ'

ဟု မေးလိုက်လေသည်။

သုဝေက ငိုင်နေသည်။

ကို့ထုံချန်းက....

'သုဝေ....မင်းကို ရှုးသွပ်နေပြီ ပြောလို့ ငါ့ကို စိတ်ဆိုးနေတာလား'

ဟု မေးလိုက်ပြန်လေသည်။

သုဝေ၏ မျက်လုံးများ ရီဝေနေသည်။ သူ၏ ခန္ဓာကိုယ် မသိမသာ တုန်ယင်နေလေသည်။

ယခု....

သုဝေ၏ ဦးနှောက်ထဲ နာကျင်ကိုက်ခဲသောဝေဒနာများ ဖြစ်ပေါ်လာနေပါသည်။

မလှုပ်မယှက် ရပ်နေသည့်တိုင် သတိလစ်သလို ဖြစ်နေ၏။ ထူးခြားသောဝေဒနာကို ခံစားနေရပြီ ဖြစ်သည်။

သုဝေ မကျေမနပ်ဖြစ်သွားလေသည်။

သူက ကို့ထုံချန်းကို ယုံကြည်မှုမရှိပါ။



ကို့ထုံချန်းက သူတို့အား ငယ်စဉ်ကပင် ကျေးမွေးစောင့်ရှောက်ကာ ပညာသင်ပေးခဲ့သည်မှာ မှန်ပါသည်။

သို့သော်....

သူ၏ အကျိုးအတွက် ဖြစ်လေသည်။

သုဝေတို့ ကြီးပြင်းလာသောအခါ ကြေးစားများအဖြစ် ပုံသွင်းကာ လိုရာခိုင်းစေခဲ့သည် မဟုတ်ပါလား။

ကို့ထုံချန်း၏ လက်ထဲသို့ရောက်ခဲ့ရသော သုဝေတို့၏ အဖြစ်သည် လူဖြစ်ရှုံးခဲ့ရသည်။

ဘယ်သောအခါမှ လူကောင်းဘဝသို့ ရောက်နိုင်မည် မဟုတ်ပါ။

ကို့ထုံချန်း၏အလိုကျ ဆောင်ရွက်ပေးရသော ကြေးစားလူသတ်သမားဘဝဖြင့် နိဂုံးချုပ်သွားရမည်သာ ဖြစ်လေသည်။

လူတိုင်းလူတိုင်းသည် ပျော်ရွှင်စွာ နေထိုင်ချင်ကြသည်။

လွတ်လပ်ခြင်း၊ အေးချမ်းသာယာခြင်းကို မြတ်နိုးခုံမင်ကြသည်။

....

ယခုတော့....

ကြ

သုဝေတို့၏ဘဝသည် လူဖြစ်ရှုံးခဲ့ရသည်။

ခံစားချက်ကင်းသော လူသတ်ကောင်များဘဝသို့ သွတ်သွင်းခြင်းခံခဲ့ရသည်။

ကို့ထုံချန်းက ခွင့်လွှတ်သည်ဆိုသောစကားကို သုဝေ အယုံအကြည်မရှိပါချေ။

သူတို့အပေါ် အကောက်ကြံလိမ့်မည်ဟု ကောင်းစွာ နားလည် သဘောပေါက်ထားပေတော့သည်။

သုဝေသည် ပါးနပ်သူဖြစ်သည်။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ကို့ထုံချန်းနှင့် ထိပ်တိုက် ရင်ဆိုင်ရမည်ဟု နားလည်ထားခဲ့သည်။

ထို့ကြောင့်....

လောင်မီးလက်ဝါးသိုင်းကဲ့သို့သော ကိုယ်ပိုင်သိုင်းကွက်များ တီထွင်ထားခဲ့လေသည်။

ယခု....

ကို့ထုံချန်းနှင့် ရင်ဆိုင်ရတော့မည့် အခြေအနေမျိုး ရောက်ရှိလာပြီ ဖြစ်သည်။

ထိုအခါမှ ခေါင်းထဲ မူးနောက်လာကာ ထူးခြားသော ားချက်များ ဖြစ်ပေါ်လာလေသောကြောင့် ခံပြင်းလာ တော့သည်။

ကို့ထုံချန်း ရယ်မောလိုက်သည်။



'သုဝေ... မင်းက ငါ့ကို စိတ်ဆိုးနေတုန်းပဲလား၊ ငါက မင်းအတွက် ပြောတာပါကွာ၊ ငါနဲ့ ပြန်လိုက်ခဲ့ပါ၊ သမားတော် ကောင်းကောင်းနဲ့ မင်းကို ငါဆေးကုပေးပါ့မယ်'

ဟု ပြောလိုက်၏။

သုဝေက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်....မလိုက်ဘူး'

'ဘာဖြစ်လို့လဲ'

'ကျုပ်က လွတ်လွတ်လပ်လပ် လျှောက်သွားနေတော့မယ်'

'ဟား....ဟား....ဟား'

ကို့ထုံချန်း ရယ်မောလိုက်လေသည်။

သုဝေသည် ထွက်ပြေးသွားလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

ကြာလျှင် ကို့ထုံချန်းအား ဒူးထောက်ရသည့် အခြေအနေရောက်သွားလိမ့်မည်ဟု နားလည်ထားလေသည်။

ကို့ထုံချန်းက လုယိနှင့်ချီချီတို့အား ကြည့်လိုက်ပြီး....

'ကဲ....မင်းတို့ သူငယ်ချင်းကို မင်းတို့ပဲ ခေါ်လိုက်ကြပါဦး'

ဟု ပြောလိုက်သည်။

ချိုချိုက....

'သုဝေ....ကျွန်မတို့ သွားရအောင်လေ'

ဟု ပြောလိုက်သည်။

သုဝေ ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် မလိုက်ဘူး'

'သုဝေ....ရှင်က....'

'ကျုပ် မလိုက်ဘူး'

သုဝေသည် အလွန်စိတ်ရှုပ်လာဟန်ဖြင့် အော်ပြောလိုက်သည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ချိုချိုက....

'ရှင် ဘယ်လို ဖြစ်တာလဲ'

သုဝေက....

'မလိုက်ဘူး....မလိုက်ဘူး....'

ဟု အော်ပြောကာ ဒယီးဒယိုင်ဖြင့် ထွက်သွားလေသည်။

ကိုထုံချွန်းက ပြုံးနေသည်။



'တောင်တောင်ခက်တဲ့ သုဝေပဲ'

ဟု ပြောလိုက်သည်။

သုဝေကား ဘာကိုမှ ဂရုမစိုက်ချေ။

အဝေးသို့ ထွက်သွားရန်သာ ကြိုးစားနေတော့သည်။

ကိုထုံချွန်း၏ မျက်လုံး သူငယ်အိမ် ကျဉ်းမြောင်းသွားလေသည်။

'သုဝေ'

ဟု ခေါ်လိုက်သည်။

သူ၏အသံသည် အေးစက်မာကျောနေသော အသွင် ပြောင်းလဲသွားပြီ ဖြစ်လေသည်။

ချိုချိုနှင့်လုယိတို့ ရင်ထိတ်သွားကြလေသည်။

'သုဝေ'

'သုဝေ ပြန်လာခဲ့'

ဟု အော်ပြောလိုက်ကြ၏။

သုဝေကား ဂရုမစိုက်တော့ပါ။

ကိုထုံချွန်းက....

'သုဝေ မင်းဘာကယ်ထွက်သွားတော့မလို့လား'

သုဝေ ဘာမှ မပြောတော့ချေ။

ကို့ထုံချန်း ဒေါ်သကို မထိန်းနိုင်တော့ဘဲ....

'သုဝေ မင်းဟာ မင်းရဲ့မိဘတွေနဲ့အတူ ခရီးထွက်လာရင်း ငါက သူတို့ကို ဓားပြတိုက်တော့ ကြောက်လန့်ပြီး မြင်းလှည်းကို မောင်းပြေးသွားတာ အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲကျပြီး သေသွားကြတာ မင်းကံကောင်းပြီး ချုံပုတ်ပေါ်တင်နေခဲ့လို့ အသက်ရှင်ခဲ့တာ၊ မင်း ကြီးပြင်းတဲ့တစ်နေ့ အသုံးချနိုင်အောင်လို့ ငါက မွေးမြူထားခဲ့တာ၊ ကဲ.... မင်းရဲ့ဘဝကို သိပြီလား'

ဟု ပြောလိုက်လေသည်။

သုဝေ၏ ခြေလှမ်းများ တုံ့ခနဲ ရပ်သွားလေသည်။

ကို့ထုံချန်းကို လှည့်ကြည့်လိုက်လေသည်။

ကို့ထုံချန်းက....

'မင်းရဲ့ မိဘတွေ၊ သေဆုံးသွားရတာ ငါ့ရဲ့လက်ချက်ပဲ၊ ကဲ....မင်းဘာပြောချင်သေးသလဲ'

သုဝေက....

'ခင်....ခင်ဗျား'

ကို့ထုံချန်းက....

'မင်းက ငါ့ကို အာခံချင်နေလို့ မင်းရဲ့ဘဝအမှန်ကို ငါက ဖွင့်ပြောတာပဲ၊ ကဲ....မင်း ဘာလုပ်ချင်သလဲ ပြောစမ်း'



သုဝေက....

'ခင်....ခင်ဗျားဟာ လူယုတ်မာပဲ'

ဟု ဒေါသတကြီး အော်ဟစ်လိုက်လေသည်။

'ဟား....ဟား....ဟား'

ကို့ထုံချန်းက ဟားတိုက်ရယ်မောလိုက်လေသည်။

သုဝေက....

'ခင်ဗျားကို ကျုပ်သတ်ပစ်မယ်'

ဟု အော်ပြောကာ ပြေးဝင်လာလေသည်။

ချီချိုနှင့် လုဖီတို့ ထိတ်လန့်ကာ နောက်ဆုတ်သွားကြလေသည်။

သုဝေနှင့် ကို့ထုံချန်းတို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလေတော့သည်။

* * *

ကို့ထုံချန်းသည် သုဝေအား သိုင်းပညာ သင်ပေးခဲ့သူဖြစ်သည်။

သုဝေက ကိုယ်ပိုင်သိုင်းကွက်များ တီထွင်ထားကြောင်းလည်း သိထား၏။

သို့သော်....

သုဝေအား ကောင်းစွာ သုံးမနိုင်မည်ဟု ယုံကြည်ထားလေသည်။

ထို့ကြောင့်....

'မင်း သေချင်နေပြီကိုး'

ဟု ပြောကာ ဆီးကြိုတိုက်ခိုက်လိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက် ရင်ဆိုင်မိလိုက်ကြလေသည်။ ဤတွင်....

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေသည်။

သုဝေက လောင်မီးသိုင်းကွက်ကို အသုံးပြုလိုက်သဖြင့် ကို့ထုံချွန်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေတော့သည်။

ချီချီနှင့် လုယိတို့ ဝမ်းသာသွားကြသည်။

သုဝေသည် ကို့ထုံချွန်းအား ကောင်းစွာ ယှဉ်နိုင်ခဲ့ပြီ မဟုတ်ပါလား။

ကို့ထုံချွန်း ခံပြင်းသွားလေသည်။



'သုဝေ မင်းသေဖို့သာပြင်ထား'

ဟု ဒေါသတကြီး ပြောရင်း ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

သုဝေက အလျင်အမြန် ရှောင်တိမ်းလိုက်ပြီး လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

သုဝေ၏လက်ဝါးသည် ကို့ထုံချွန်း၏ တိုက်ကွက်ကို ထိုးဖောက်ကာ ကို့ထုံချွန်း၏ ရင်ဝသို့ တိုးဝင်သွားလေသည်။

ကို့ထုံချွန်း ထိတ်လန့်သွားသည်။

သုဝေ၏ လက်ချက်ဖြင့် မရှုမလှ အရေးနိမ့်ရတော့မည် မဟုတ်ပါလား။

ထိုစဉ်....

သုဝေ၏ ခန္ဓာကိုယ် ဆတ်ခနဲ ဟုန်ခါသွားလေသည်။

သူ၏လက်ဝါးသည် ကို့ထုံချွန်းအား ရိုက်ချမိလိုက်သော်လည်း အင်အားမပါဘဲ ထိရောက်မှု မရှိတော့ချေ။

'သွားစမ်း'

ကို့ထုံချွန်းက ခြေထောက်ဖြင့် ကန်ကျောက်လိုက်လျှင်....

'ဝုန်း'

'အား'

သုဝေသည် စူးရှစွာ အော်ဟစ်ရင်း အဝေးသို့ လွင့်စဉ် သွားလေတော့သည်။

*　　*　　*

'ဟင်'

'ဟာ'

လုယိနှင့် ချိုချိုတို့ ထိတ်လန့်သွားကြလေသည်။

သုဝေ အနိုင်ရမည့် အခြေအနေမှ ရုတ်ခြည်းပင် သိုင်းအား ပျောက်ကွယ်သွားသူ တစ်ယောက်ပမာ ဖြစ်သွားသည် မဟုတ်ပါလား။

သုဝေသည် ထူးခြားသော ဝေဒနာ ခံစားလာရပြီဟု ချိုချို နားလည်လိုက်လေတော့သည်။

'ဟား....ဟား....ဟား'

ကိုထုံချန်းသည် မမျှော်လင့်ဘဲ အနိုင်ရလိုက်သဖြင့် ဝမ်းသာသွား၏။ ချက်ချင်းပင် သုဝေ့နောက်သို့ ပြေးလိုက်သွားကာ တိုက်ခိုက်လိုက်လေသည်။

သုဝေက မြေပေါ်မှ လူးလဲထလိုက်၏။



ထိုစဉ် ကိုထုံချန်းက အနီးသို့ ရောက်ရှိလာပြီး လက်ဝါးဖြင့် ရိုက်ချလိုက်သောအခါ....

'စုန်း'

'အား'

သုဝေမှာ မြေပေါ်လဲကျသွားပြန်တော့သည်။

သူ၏ပါးစပ်မှ သွေးများ အန်ထုတ်လိုက်သည်။

ဒဏ်ရာပြင်းထန်စွာ ရပြီဖြစ်ကြောင်း ထင်ရှားလေသည်။

ကိုထုံချန်းသည် သုဝေအား အနိုင်ယူပြီးသည်နှင့် ချိုချိုတို့ဘက်သို့လှည့်ကာ....

'မင်းတို့နှစ်ယောက်ရော ဘယ်ပြေးမလဲ'

ဟု ပြောလိုက်လေသည်။

ယခု...

ကိုထုံချန်း၏ စိတ်ထားအမှန်ပေါ်ပေါက်လာပြီ ဖြစ်လေသည်။

လုယိက....

'ခင်ဗျား တော်တော်ယုတ်မာပါလား'

ဟု ပြောလိုက်သည်။

ကိုထုံချန်းက....

'ငါခိုင်းတဲ့အတိုင်း အောင်မြင်အောင်မလုပ်နိုင်ရင် ဘယ်သူမဆို သေရမှာပဲကွ'

'တောက်....ခင်ဗျားကို ကြောက်မယ်များမှတ်သလား'

လုယိသည် အံတင်းတင်းကြိတ်ကာ ကို့ထုံချန်းထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ကို့ထုံချန်းကဲ....

'စိတ်ချ....မင်းတို့ငါ့အကြောင်း သိရမှာပါ'

ဟု ပြောကာ ဆီးကြိုတိုက်ခိုက်လိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့်....

'ဝုန်း'

'အား'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

လုယိမှာ ကို့ထုံချန်း၏လက်ချက်မိကာ မြေပေါ် ပုံလျက်သား လဲကျသွားလေသည်။

'ဟား....ဟား....ဟား'

ကို့ထုံချန်းက ဟားတိုက်ရယ်မောလိုက်လေသည်။

ထို့နောက်....

လုယိ၏ဦးခေါင်းပေါ်သို့ လက်ဝါးဖြင့် တစ်ချက်ရိုက်ချကာ အမိုက်ဇာတ်သိမ်းပေးလိုက်လေတော့သည်။

*　　　*　　　*

သွေးဆက်ပြတ်ခြင်း

---

လုယိသည် ကို့ထုံချန်း၏လက်ချက်ဖြင့် အသက်ပျောက်သွားပြီဖြစ်လေသည်။

ချီချီ မျက်နှာပျက်နေသည်။

ကို့ထုံချန်းက သူမဘက်သို့လှည့်လာသောခါ မနေနိုင်တော့ဘဲ....

'သွားစမ်း'

ဟု အော်ငေါက်ကာ လက်နက်ပုန်းလေးများဖြင့် ပစ်ခတ်လိုက်၏။

'ဝှစ်....ဝှစ်....ဝှစ်'

လက်နက်ပုန်းလေးများသည် ကို့ထုံချန်းထံသို့ တရစပ် ပစ်လွှင့်သွားလေသည်။

ကို့ထုံချန်းက နှာခေါင်းရှုံ့လိုက်လေသည်။

'မင်းပညာ ဒါအကုန်ပဲလား'

ဟု ပြောရင်း လက်ဝှေ့ယမ်းလိုက်သည်။

လက်နက်ပုန်းလေးများကို အလွယ်တကူ ဖမ်းယူပြီးသား ဖြစ်သွားလေသည်။

'ဟင်'

တိုက်ခိုက်မှု မအောင်မြင်သဖြင့် ချီချီ ထိတ်လန့်သွား လေသည်။

အခြေအနေမဟန်မှန်းသိ၍ ချက်ချင်း ထွက်ပြေးသွားရန် ဟန်ပြင်လိုက်လေသည်။

ကို့ထုံချန်းက....

'မင်းရဲ့လက်နက်ပုန်းကို မင်းပြန်ယူသွား'

ဟု ပြောကာ လက်ဝှေ့ယမ်းလိုက်လေသည်။

'ဝှစ်....ဝှစ်....ဝှစ်'

လက်နက်ပုန်းလေးများသည် ချီချီထံသို့ ပစ်လွှင့်သွား လေသည်။

ချီချီ ထိတ်လန့်ကာ ရှောင်တိမ်းလိုက်လေသည်။

သို့တိုင်....

ကို့ထုံချန်း၏ ထူးခြားသော လက်နက်ပုန်းပစ် ပညာ ကြောင့် သူမ လွတ်အောင် မရှောင်နိုင်တော့ပါချေ။



လက်နက်ပုန်းလေးများသည် သူမ၏ခန္ဓာကိုယ်တွင် စိုက် ဝင်သွားလေတော့သည်။

'အမယ်လေး'

ချီချီ စူးရှစွာအော်ဟစ်ကာ မြေပေါ် လဲကျသွားလေ တော့သည်။

'ဟား....ဟား....ဟား'

ကို့ထုံချန်းက ဟားတိုက်ရယ်မောလိုက်သည်။

လုယိနှင့် ချီချီတို့က အမိုက်ဇာတ်သိမ်းသွားကြပြီဖြစ်လေ သည်။

ကို့ထုံချန်းက သုဝေ ဘက်သို့လှည့်လိုက်၏။

သုဝေသည် အသက်ကိုခဲယဉ်းစွာ ရှူနေရ၏။

ကို့ထုံချန်းက....

'သုဝေ မင်းရော ဘာတတ်နိုင်သေးသလဲ'

ဟု ပြောကာ ချဉ်းကပ်သွားလိုက်သည်။

သုဝေအား သုတ်သင်ရှင်းလင်းပစ်တော့မည်ဖြစ်လေသည်။

ထိုစဉ်....

'ကျုပ်ရှိပါသေးတယ်ဗျာ'

အေးစက်သောစကားသံ ထွက်ပေါ်လာလေသည်။

ကို့ထုံချန်း အံ့ဩသွားပြီး လှမ်းကြည့်လိုက်သောအခါ သစ်ပင်တစ်ပင်နောက်ကွယ်မှ လူတစ်ယောက် လှမ်းထွက်လာ သည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ ဖုန်းစုရဲဖြစ်သည်။

ဖုန်းစုံရဲသည် စာပေသမားတစ်ယောက်အသွင် မရှိတော့ပါ။

သူဝေက စာပေသမားတစ်ယောက်အသွင် ဖြစ်သွားသောအခါ ဖုန်းစုံရဲက ကြေးစားလူသတ်သမားတစ်ယောက်အသွင် ပြောင်းလဲသွားလေတော့သည်။

ဖုန်းစုံရဲသည် သစ်ပင်နောက်ကွယ်မှထွက်လာပြီး ကို့ထုံချွန်းနှင့် ရင်ဆိုင်လိုက်လေသည်။

*　　*　　*

'ဝုန်း'

'အား'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

ကို့ထုံချွန်းက ဖုန်းစုံရဲ၏လက်ချက်မိကာ လဲ့ကျသွား၏။

ဖုန်းစုံရဲကို မယုံကြည်နိုင်စွာကြည့်ရင်း....

'မင်း....မင်း'

စကားဆုံးအောင်မပြောနိုင်တော့ဘဲ ဇက်ကျိုးကျသွား၏။

သူဝေသည် အဖြစ်အပျက်များကို မယုံကြည်နိုင်စွာ ကြည့်နေ၏။

ယခု....

သူ ခံစားနေရသော ဝေဒနာအကြောင်းကို သဘောပေါက်မိပြီဖြစ်သည်။



ဖုန်းစုံရဲ၏ ပညာသည် သူ့ထံရောက်လာပြီး သူ၏ပညာသည် ဖုန်းစုံရဲထံ ရောက်သွားသည့်သဘော ဖြစ်နေ၏။

အမှန်တော့....

သူတို့သည် အမြွှာပူးညီအစ်ကိုများဖြစ်သည်ကို ဘယ်တော့မှ သိနိုင်ကြတော့မည် မဟုတ်ပါ။

သူဝေက....

'မင်းက ငါ့ရဲ့လောင်မီးလက်ဝါး ပညာကို တတ်ထားတယ်'

ဖုန်းစုံရဲက....

'ခင်ဗျားကရော ကျုပ်ရဲ့စာပေပညာကို တတ်ထားတယ်'

သူဝေက....

'ကျုပ်က ကြေးစားဘဝကိုပဲ လိုချင်တယ်'

ဖုန်းစုံရဲက....

'ကျုပ်ကလဲ စာပေသမားဘဝကိုပဲ လိုချင်တယ်'

သူဝေ ပြုံးလိုက်သည်။

'တို့နှစ်ယောက် တစ်ယောက်ယောက်သေမှ ဒီဖြစ်ရပ်တွေ ပျောက်ကွယ်သွားလိမ့်မယ်'

ဖုန်းစုံရဲက....

'ဟုတ်တယ်'

သူဝေက....

'ငါက မင်းနဲ့ဘယ်လိုရေစက်ကြောင့်များ ပတ်သက်ဆက်နွယ်ရသလဲဆိုတာ သိချင်လိုက်တာ'

သူ၏စကားသံက တဖြည်းဖြည်း တိမ်ဝင်ကာ ပျောက်ကွယ်သွားလေသည်။

ကို ထုံချွန်း၏ လက်ချက်ကြောင့် ရရှိထားသော ဒဏ်ရာများဖြင့် သေဆုံးသွားသည်ဟု ခံစားလိုက်ရလေသည်။

ဖုန်းစုရဲသည် သူ့ကိုကြည့်ကာ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခု ဆုံးရှုံးသွားသည်ဟု ခံစားလိုက်ရလေသည်။

*　*　*

ထိုနေ့ထိုအချိန်မှစ၍ နောက်ပိုင်းတွင် ဖုန်းစုရဲသည် ကြေးစားတစ်ယောက် စိတ်ဆားမျိုး ဖြစ်ပေါ်မလာတော့ပါ။

သိုင်းပညာကိုလည်း အသုံးပြု၍မရတော့ပါ၊ စာပေသမားဘဝဖြင့် တစ်သက်လုံး ပျော်ရွှင်စွာ နေထိုင်သွားနိုင်ခဲ့လေတော့သည်။

(ပြီးပါပြီ)